# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (9-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၁)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




### အလှူငွေများ လက်ခံရယူ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများ လက်ခံရယူစဉ်။

## ချင်းတွင်းမြစ်ရေ မုံရွာမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)



## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နေကြောင်း သိရသည်။ (မိုး/ဇလ)

## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး မြို့နယ်များရှိ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများကို မီတာများ လုံလောက်စွာတပ်ဆင်ပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိ

၂၀၂၆ ခုနှစ် ဩဂုတ်လ ၈ ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားချက်များအရ ဩဂုတ် ၁၅ ရက်မှစ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို အိမ်သုံးမီတာ၊ ပါဝါမီတာလျှောက်ထားမှုများကို ကြန့်ကြာမှုမရှိစေရေး သတ်မှတ်ထားသည့် အခကြေးငွေကိုသာ ပေးသွင်း၍ လူကိုယ်တိုင် ရုံးသို့လာရောက်လျှောက်ထားရန်မလိုဘဲ Online မှ လျှောက်ထားနိုင်မည့်အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဩဂုတ် ၁၅ ရက် Online မှ လျှောက်ထားမှုများမစတင်မီ ယခင်စနစ်ဟောင်းဖြင့် လျှောက်ထားခဲ့သူများကို ဌာနကသတ်မှတ်ထားသည့် အချက်အလက်များအတိုင်း အမြန်ဆုံးကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဓာတ်အားသုံးစွဲလိုသူပြည်သူများကို အိမ်တိုင်ရာရောက်ဆက်သွယ်၍ ဩဂုတ် ၁၅ ရက်မတိုင်မီ အပြီးသတ်တပ်ဆင်ပေးသွားရန် ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သော လျှပ်စစ်မီတာများ အလုံအလောက်ရရှိစေရေးအတွက်လည်း ပြည်ထောင်စုဝန်ကြီးရုံးနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့က စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❑

**ရတနာပုံ**

၂၀၂၆ ခုနှစ် ဩဂုတ် ၉ ရက်

**အယ်ဒီတာ့အာဘော်**

# အလုပ်၏တန်ဖိုး လူ့ဂုဏ်သိက္ခာနှင့် အနာဂတ်လူ့အဖွဲ့အစည်းကို ထုဆစ်ခြင်း

လူသားတို့၏ ဖြစ်တည်မှုနှင့် တိုးတက်ပြောင်းလဲမှု သမိုင်းစဉ်တစ်လျှောက်တွင် အလုပ် (Work) သည် အဓိက မောင်းနှင်အားအဖြစ် တည်ရှိခဲ့သည်။ လူသည် အလုပ်ဖြင့်ပင် မိမိ၏ ရုပ်ဝတ္ထုဝန်းကျင်ကို ပြောင်းလဲဖန်တီးခဲ့သကဲ့သို့ စိတ်ဓာတ်နှင့် အသိဉာဏ်ဆိုင်ရာ အရည်အသွေးများကိုလည်း မြှင့်တင်နိုင်ခဲ့သည်။ စင်စစ်အားဖြင့် ဘဝတစ်လျှောက်တွင် လူတစ်ဦး၏ အဓိပ္ပာယ်၊ ဂုဏ်သိက္ခာနှင့် ရည်မှန်းချက်များကို တိုင်းတာသည့်အရေးပါဆုံးစံနှုန်းမှာ မိမိပြုလုပ်သည့်အလုပ်နှင့် ထိုအလုပ်ပေါ်တွင်ထားရှိသည့် သဘောထားပင်ဖြစ်သည်။

သို့သော် စီးပွားရေးကိုသာလျှင် လွန်လွန်ကဲကဲ အဓိကထားလာသည့် ယနေ့ခေတ်တွင် အလုပ်၏ အနှစ်သာရမှာ ကျဉ်းမြောင်းသွားလေ့ရှိသည်။ လူအများစုသည် အလုပ်ကို စားဝတ်နေရေးနှင့် လစာရရှိရေးအတွက် မဖြစ်မနေလုပ်ဆောင်ရသည့် ဝန်ထုပ်ဝန်ပိုးမျှသာဟု ရှုမြင်လာကြသည်။ ထိုသို့ရှုမြင်ခြင်းသည် အလုပ်၏အစစ်အမှန်တန်ဖိုးကို ကွယ်ပျောက်စေရုံမျှမက တီထွင်ဖန်တီးလိုသည့်စိတ် (Creative Spirit) ကိုပါ ညှိုးနွမ်းစေတတ်သည်။ စင်စစ်အားဖြင့် အလုပ်ဟူသည် ပစ္စည်းဥစ္စာရှာဖွေရေးထက် ပိုမိုနက်နဲသော စိတ်ပိုင်းဆိုင်ရာတန်ဖိုး (Intrinsic Value) ရှိသည့် အနုပညာတစ်ရပ်ဖြစ်သည်။ မိမိ၏ စေတနာ၊ လုပ်အားနှင့် အသိဉာဏ်တို့ပေါင်းစပ်၍ ဖန်တီးလိုက်သောအလုပ်သည် ကျေနပ်နှစ်သက်ခြင်းပီတိကိုရရှိစေပြီး မိမိကိုယ်ကိုယုံကြည်လေးစားမှုကို မွေးဖွားပေးနိုင်သည်။

ထို့ပြင် အလုပ်၏တန်ဖိုးတွင် အမျိုးအစား သို့မဟုတ် အဆင့်အတန်းထက် တာဝန်ယူမှု၊ သစ္စာရှိမှုနှင့် စေတနာက ပို၍အခရာကျသည်။ လမ်းမများကို သန့်ရှင်းရေးလုပ်ဆောင်နေသည့် ကာယလုပ်သား၏ ချွေးစက်၊ ညွှန်ကြားပေးနေသည့် ဉာဏလုပ်သား၏ အတွေးအခေါ်၊ စိုက်ပျိုးသူ၏ သီးနှံများနှင့် နည်းပညာရှင်၏ စက်ပစ္စည်းတို့သည် တူညီသောလုပ်အားတန်ဖိုးများပင်ဖြစ်ကြသည်။ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ အနာဂတ်တိုးတက်မှုသည် ထိုအသိုက်အဝန်းရှိလူတို့၏ အလုပ်အပေါ် ထားရှိသည့် အလေ့အကျင့် (Work Ethic) နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ အလုပ်ကို လေးစားပြီး ကြိုးစားအားထုတ်လိုသူများ ပြည့်နှက်နေသည့် လူ့အဖွဲ့အစည်းသည် စိန်ခေါ်မှုများကို ကျော်လွှားနိုင်သည့် ခိုင်မာသော အုတ်မြစ်ကို ရရှိထားပြီး ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် အလုပ်ပေါ်တွင်ပြီးစလွယ်သဘောထားခြင်းနှင့် တာဝန်မဲ့ခြင်းတို့သည် ပုဂ္ဂိုလ်ရေးဆုတ်ယုတ်ရုံမျှမက အသိုက်အဝန်းတစ်ခုလုံး၏ တိုးတက်မှုကိုပါ အနှောင့်အယှက်ဖြစ်စေနိုင်သည်။

အလုပ်တစ်ခုကို ဆောင်ရွက်ရာတွင် ရရှိမည့်အကျိုးအမြတ်တစ်ခုတည်းကို မကြည့်ဘဲ မိမိ၏ လုပ်ဆောင်ချက်ဖြင့် ပတ်ဝန်းကျင်နှင့် အများပြည်သူအပေါ် မည်သို့သော အပြုသဘောဆောင်သည့် သက်ရောက်မှုရရှိနိုင်မည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ မိမိကျရာကဏ္ဍတွင် ကျွမ်းကျင်မှု (Mastery) ရရှိအောင် လေ့ကျင့်ခြင်းနှင့် အလုပ်ပေါ်တွင် အလေးအနက်ထားရှိခြင်းတို့သည် အလုပ်၏တန်ဖိုးကို တိုးတက်မြင့်မားစေသည့် အဓိကနည်းလမ်းများပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ အလုပ်ကို ရိုးရှင်းသော အသက်မွေးဝမ်းကျောင်းကိစ္စတစ်ခုအဖြစ်မှ လွန်မြောက်၍ မိမိ၏ဘဝအဓိပ္ပာယ်ကို ထုဆစ်ပေးသည့် အနုပညာ တစ်ခုသဖွယ် လေးနက်စွာ တန်ဖိုးထားကြရမည်ဖြစ်သည်။ မိမိတို့၏ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် စေတနာ၊ ဝီရိယ၊ သတိနှင့် အသိဉာဏ်တို့ ပေါင်းစပ်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းသည်ပင် မိမိ၏ ဘဝဂုဏ်သိက္ခာကို မြှင့်တင်ခြင်းနှင့်အတူ အနာဂတ်လူ့အဖွဲ့အစည်းကိုပါ ပုံဖော်ထုဆစ်နေခြင်းဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပေသည်။

# အမရပူရမြို့နယ် မန်ကျီးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အမရပူရ ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျီးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃ သိန်း ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မန်ကျီးကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၅ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၄၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၄၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၄၀၃၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၄၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်က ထွက်တဲ့ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခု ဩဂုတ်လထဲမှာလဲ ရေထွက်ကုန်ပစ္စည်းတွေ ဝယ်ယူတာများနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ငဖဲမြို့နယ် ပေကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ပေကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၅ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃၇ သိန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဆားလင်းကြီး ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၅၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ ကော်မတီဖွဲ့စည်း

ဝမ်းတွင်း ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# သာစည်မြို့နယ် ဥသျှစ်ကုန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ကုန်း(တောင်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဥသျှစ်ကုန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဥသျှစ်ကုန်း(တောင်) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၇ ဦးကို ငွေကျပ် ၃၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၀ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်တွေကို ရန်ကုန်ဈေးကွက်က အခုဩဂုတ်လထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကျားပျံဆန်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ရောင်းသူအနိုင်ယူမလား ဝယ်သူအနိုင်ရမလား

မျိုးသူ(ကုန်သွယ်မြှင့်)

အရောင်းအဝယ်ပြုလုပ်မှုတိုင်းတွင် ရောင်းသူနှင့်ဝယ်ယူသူနှစ်ဖက်စလုံးတစ်ပြိုင်နက် အမြတ်မရဟု ယေဘုယျအားဖြင့်သိထားကြသည်။ ဝယ်ယူသူများက ရောင်းသူများသည် အမြတ်အစွန်းကောင်းကောင်းရသဖြင့် ရောင်းချနေကြခြင်းဖြစ်သည်ဟု ထင်မြင်တတ်ကြသည်။ သို့သော်လည်း ရောင်းသူများသည် ဝယ်ယူသူများအတွက် ပေးအပ်မှုရှိသည်မှာ ဝယ်ယူသူလိုအပ်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဖြစ်သည်။ ရောင်းသူသည် ဝယ်ယူသူကို ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအပြင် ဝယ်ယူသူ စိတ်ကျေနပ်မှုရစေရန်လည်း ဆောင်ရွက်ပေးရသည်။ ရောင်းသူက အမြတ်ရပြီး ဝယ်ယူသူက စိတ်ကျေနပ်မှုရရှိလျှင် နှစ်ဖက်အကျိုးရှိသည်ဟု သတ်မှတ်နိုင်သည်။ ထိုသို့နှစ်ဖက်အကျိုးရှိသော အခြေအနေမျိုးဖြစ်မှသာ ရေရှည်ဆက်ဆံရေးကောင်းမွန်ပြီး တိုးတက်နိုင်မည်ဖြစ်သည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် B to B နှင့် B to C ဟု နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ လုပ်ငန်းသမားချင်း ရောင်းဝယ်ခြင်းဖြစ်သည်။ ဥပမာ – ဆန်စက်ပိုင်ရှင်က ဖွဲနုကို မွေးမြူရေးလုပ်ငန်းရှင်သို့ ရောင်းချခြင်းမျိုးဖြစ်သည်။ အခြားတစ်မျိုးမှာ စီးပွားရေးလုပ်ငန်းရှင်က ဝယ်သည့်ပစ္စည်းကို ပြန်ရောင်းရန်မဟုတ်ဘဲ သုံးစွဲမည့်သူကို ရောင်းချခြင်းမျိုးဖြစ်သည်။ မည်သည့်အမျိုးအစားဖြစ်စေ ရောင်းဝယ်လျှင် နှစ်ဖက်စလုံး အကျိုးအမြတ်ရရှိပြီး စိတ်ကျေနပ်မှုရရှိလျှင် ရေရှည်အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့် ရေရှည်အောင်မြင်၍ နှစ်ဖက်အကျိုးရှိသည့် Win- Win Solution မျိုးရရှိစေရန် ကြိုးစားကြရမည်ဖြစ်သည်။

**ဝယ်ယူသူကို စိတ်ကျေနပ်မှုပေးပါ**

ရောင်းချသူဘက်က ဆောင်ရွက်ပေးရမည်မှာ ဝယ်ယူသူကို နားလည်မှုပေးခြင်းဖြစ်သည်။ ဝယ်ယူသူက သူ့ဘာကြောင့် ဝယ်ယူသည်ကို ရောင်းသူက နားလည်ပေးနိုင်ရမည်ဖြစ်သည်။ အပေါ်ယံကြည့်လျှင်ဝယ်ယူသူတစ်ဦးသည် လိုအပ်သည့်ပစ္စည်းတစ်ခုကို လာရောက်ဝယ်ယူခြင်းဖြစ်သည်။ ထိုပစ္စည်းကို ဝယ်ယူသွားအောင် နည်းမျိုးစုံဖြင့် ရောင်းချပြီး ဝယ်ယူဖြစ်သွားလျှင် အရောင်းအဝယ်အောင်မြင်သည်ဟု ရောင်းသူဘက်က ယူဆတတ်ကြသည်။ သို့သော်လည်း ဝယ်ယူသူများသည် ကုန်ပစ္စည်းကို ဝယ်ယူခြင်းဖြစ်သော်လည်း ရလိုသည်မှာ ကုန်ပစ္စည်းသာမက စိတ်ကျေနပ်မှုကိုလည်း ရလိုခြင်းဖြစ်သည်။ ဝယ်ယူသူအများစုသည် ကုန်ပစ္စည်းကို ငွေကြေးတန်ဖိုးပေးရသဖြင့် ပေးရသည့် ငွေကြေးတန်ဖိုးနှင့်ညီသော သို့မဟုတ် ပိုကောင်းသောပစ္စည်းကိုရလိုသည်။ ဒုတိယအချက်မှာ ကောင်းမွန်သောဆက်ဆံရေးနှင့် ဝယ်ယူသူက သာလွန်သောဆက်ဆံရေးမျိုးလိုချင်ကြသည်။ ဝယ်ယူချိန်နှင့် ဝယ်ယူပြီးချိန်တွင် ပစ္စည်းနှင့် ရောင်းသူကြောင့် စိတ်ကျေနပ်မှုကို ရလိုကြသည်။ တစ်ခါတစ်ရံတွင် ကုန်ပစ္စည်းသည် ဝယ်ယူသူများအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးကဲ့သို့ ပစ္စည်းမျိုးကို ဝယ်ယူရသည့်အချိန်တွင် လိုချင်သောဆေးဝါးသည် ဆိုင်တိုင်းလိုလိုတွင်မရှိဘဲ ဆိုင်တစ်ဆိုင်တည်းတွင်ရှိသည့်အခါမျိုးတွင် ဝယ်ယူသူက ဝယ်ကိုဝယ်ရမည့်အခြေအနေဖြစ်ပေါ်လာသည်။ ထိုအချိန်မျိုးတွင် ဆိုင်ရှင်က အပေါ်စီးယူ၍ ဈေးတင်ထားခြင်း၊ အမြတ်ကြီးကြီးယူခြင်း၊ ဆက်ဆံရေးမကောင်းခြင်း စသည်တို့ကြုံရသည့်အခါမျိုးတွင် ဝယ်ယူသူသည် မဖြစ်၍ဝယ်ရသော်လည်း စိတ်ကျေနပ်မှုမရဘဲ အောင့်သက်သက်ဖြင့် ဝယ်ယူလိုက်ရသည်။ ထိုအခါမျိုးတွင် နှစ်ဖက်အကျိုးရှိသည့်အခြေအနေကို အပြည့်အဝ မရရှိဟုဆိုနိုင်သည်။ ထိုဝယ်ယူသူသည် တတ်နိုင်သမျှ ထိုဆိုင်မျိုးကို ရှောင်ရှားမည်သာဖြစ်သည်။ ထို့ကြောင့် ရေရှည်အောင်မြင်သည့် စီးပွားရေးမျိုးဖြစ်စေရန်အတွက် ဝယ်ယူသူကို နားလည်ပေးရန် လိုအပ်သည်။ ဝယ်ယူသည့်ပစ္စည်း၏ တန်ဖိုးနှင့် ဈေးနှုန်းမျှတရန် လိုအပ်သည်။ ထို့ပြင် ပေးရသည့် ငွေကြေးထက် ရသည့်တန်ဖိုးက ပိုများနေရန် ဖန်တီးပေးရမည်။ ကုန်ပစ္စည်းနှင့်ပတ်သက်သည့် အကောင်းအဆိုးများ၊ အားသာချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ပြောပြခြင်းဖြင့် ယုံကြည်မှုရရန် ဆောင်ရွက်ရမည်။

**❖ အရောင်းအဝယ်ကောင်းများတွင် နှစ်ဖက်စလုံး အဆင်ပြေသော "ငါနိုင် မင်းနိုင်" ဆက်ဆံရေးမျိုး ဖြစ်ရမည်။ အရောင်းအဝယ်တွင် နှစ်ဖက်နိုင်သည်ဟု မရှိကြောင်း အချို့က ပြောတတ်သည်။ အမှန်မှာ ငါနိုင်မင်းနိုင်ဆိုရာတွင် ငွေကြေးတစ်ခုတည်း၊ ငွေကြေးအမြတ်အစွန်း တစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းမျိုးမဟုတ်ဘဲ ရောင်းသူက အမြတ်ငွေကြေးရသကဲ့သို့ ဝယ်ယူသူဘက်တွင် သင့်တော်သောဈေးနှုန်းဖြင့် ရရှိခြင်း၊ ဈေးမှန်ခြင်း၊ အရည်အသွေး၊ အလေးချိန် စသည်တို့ မှန်ကန်ခြင်း၊ ကတိကဝတ်မှန်ကန်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း စိတ်ကျေနပ်မှုရရှိခြင်း စသည့်အကျိုးများကို ရရှိခြင်းသည် ဝယ်ယူသူက အနိုင်ရရှိခြင်းဟုခေါ်ဆိုနိုင်သည်။ ❖**

**ရေရှည်ရပ်တည်နိုင်ရေး**

ရောင်းသူ၏ ရည်မှန်းချက်သည် အမြတ်များများရရှိရေးသက်သက်မဟုတ်ဘဲ ရေရှည်ရပ်တည်နိုင်ရေး၊ ရေရှည်အောင်မြင်ရေးဖြစ်သည်။ အပြန်အလှန်အားဖြင့် အမြတ်ရရှိအောင်လုပ်ကိုင်နိုင်ရမည့်အပြင် ရေရှည်အောင်မြင်မှသာ ကောင်းမွန်သောလုပ်ငန်းကိုလည်း တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိရောင်းမည့်ကုန်ပစ္စည်းကို တန်ဖိုးနှင့် လိုက်ဖက်သော ဈေးနှုန်းမျိုးသတ်မှတ်ခြင်း၊ ရောင်းသူအနေဖြင့် မိမိလုပ်အားနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ထိုက်တန်သော အမြတ်အစွန်း ရရှိရန်လိုအပ်သည်။ အမြတ်အစွန်းအတွက် အရည်အသွေးကို လျှော့ချခြင်းမျိုးမပြုလုပ်ဘဲ စံချိန်စံညွှန်းကို တစ်သမတ်တည်း ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဤအချက်မှာ ရုတ်တရက်ကြည့်လျှင် မခက်ခဲသယောင်ရှိသော်လည်း ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်ချိန်မျိုးတွင် မိမိရောင်းဈေးမြှင့်တင်ရန် လိုအပ်လာတတ်သည်။ ထိုအချိန်မျိုးတွင် ရောင်းဈေးကို မြှင့်တင်ရန် မလွယ်သည့်အခါ ရောင်းကုန်ကို အရည်အသွေးလျှော့ချထုတ်လုပ်တတ်သည်။ ထိုသို့ မလုပ်ဘဲ အရည်အသွေးကို တစ်သမတ်တည်း မလျှော့ချဘဲ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ကြမ်းဈေးနှုန်း စသည်တို့ဖြင့် ချင့်ချိန်၍ အမြတ်ကိုသာလျှော့ချပြီး ရောင်းချရမှု ပိုမိုများပြားအောင်သာ ဆောင်ရွက်သင့်သည်။

နောက်ဆုံးတစ်ချက်မှာ စိတ်ဖိစီးမှုကင်းသော အရောင်းအဝယ်မျိုးဖြစ်ရန်လိုအပ်သည်။ မကြာသေးခင်က အရောင်းအဝယ်လောကတွင် လိမ်လည်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ လုပ်ငန်းရှင်ချင်း ရောင်းဝယ်မှုတွင် ဖြစ်ပွားခြင်းဖြစ်သော်လည်း ဝယ်ယူသူက ကုန်ကို လက်ငင်းငွေချေမဝယ်ဘဲ အကြွေးချန်ဝယ်ခြင်းတွင် ငွေပေးရမည်များကိုမပေးဘဲ လိမ်လည်သွားခြင်းဖြစ်သည်။ ကုန်သည်ချင်း ရောင်းဝယ်ကြရာတွင် ယုံကြည်မှုဖြင့် ရောင်းဝယ်တတ်ကြသော်လည်း ကတိကဝတ်ပျက်သည့်အခါမျိုးတွင် ယခုကဲ့သို့ လိမ်လည်မှုများ ဖြစ်တတ်သည်။ စာချုပ်စာတမ်းအစား ယုံကြည်မှုဖြင့်သာ ဆောင်ရွက်တတ်ကြသဖြင့်လည်း လိမ်လည်၍ လွယ်ကူသောအခြေအနေမျိုး ဖြစ်ပေါ်ခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ ရောင်းသူ၊ ဝယ်ယူသူကြား သံသယများကင်းစင်ပြီး ပျော်ရွှင်စွာရောင်းဝယ်နိုင်ရေးကို ကြိုးစားရမည်ဖြစ်သည်။ ကတိတည်ခြင်း၊ ဈေးမှန်ကန်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ဝယ်ယူသူဖောက်သည်ကို စိတ်ကျေနပ်မှုပေးစွမ်းနိုင်ခြင်း စသည့်အချက်များဖြင့် ရောင်းချမှုသာ ရေရှည်အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာမည်။

**ဆက်ဆံရေးပုံစံများ**

အရောင်းအဝယ်များတွင် ဆက်ဆံရေးပုံစံခြောက်မျိုးရှိတတ်သည်။ အဆိုပါ ဆက်ဆံရေးပုံစံများတွင် ရောင်းသူဘက်က သာလွန်သည့်အခြေအနေမျိုးကိုသာ ရောင်းသူများက ဖန်တီးတတ်ကြပြီး ဝယ်ယူသူဘက်က အသာစီးမရသည့် **"ငါနိုင်မင်းရှုံး"** ပုံစံလည်း ပါဝင်သည်။ ရောင်းသူက မိမိအမြတ်အစွန်းများများရရှိပြီး တစ်ဖက်ဝယ်ယူသူတွင် အကျိုးမဲ့ဖြစ်ခြင်းမျိုးဖြစ်သည်။ အလားတူပင် ကုန်ကြမ်းရောင်းသူကို ဈေးနှိမ်ပြီးဝယ်ယူလိုက်ခြင်းဖြင့် မိမိကုန်ကျစရိတ်ကို လျှော့ချခြင်းမျိုးလည်း ပါဝင်သည်။ အခြားဆက်ဆံရေးတစ်မျိုးမှာ **"ငါရှုံးမင်းနိုင်"** ဆက်ဆံရေးမျိုးဖြစ်သည်။ ဝယ်ယူသူဘက်က အသာစီးရရန် ပေးလိုက်ရသော်လည်း ရောင်းသူဘက်က စိတ်ကျေနပ်မှုမရှိခြင်း၊ ကုန်ပစ္စည်းကို ငွေလိုအပ်သဖြင့် ရောင်းလိုက်ရသော်လည်း အကျိုးအမြတ်အားဖြင့် ရှုံးနေခြင်းသည် ငါရှုံးမင်းနိုင် ဟူသည့်ဆက်ဆံရေးမျိုးဖြစ်သည်။ တစ်ကြိမ်တစ်ခါ ရှုံးနိမ့်မှုမျိုးကို ရောင်းသူများဘက်က သည်းခံနိုင်သော်လည်း ရေရှည်တွင် အမြဲတမ်းရှုံးနိမ့်နေ၍ မဖြစ်သည်ကို သတိပြုနိုင်သည်။ နှစ်ဖက်စလုံး ရှုံးနိမ့်သည့် **"ငါရှုံးမင်းရှုံး"** ဆက်ဆံရေးမျိုးလည်းရှိသည်။ နှစ်ဖက်စလုံးက တင်းမာသော သဘောထားမျိုးရှိပြီး အလျှော့ပေးခြင်း၊ ညှိနှိုင်းခြင်းမျိုး မလုပ်နိုင်သည့်အခါမျိုးတွင် အရောင်းအဝယ်ပျက်ပြီး မအောင်မြင်တတ်သည့် အခြေအနေမျိုးကိုသာဖြစ်စေသည်။ ဥပမာ– ရန်ဖြစ်ခြင်း၊ တရားရင်ဆိုင်ခြင်းမျိုး။ အခြားတစ်ခုမှာ **"ငါပဲအနိုင်ယူ"** ဆက်ဆံရေးဖြစ်သည်။ မည်သူနှင့် မည်သည့်ဆက်ဆံရေး၊ ရောင်းဝယ်ရေးမျိုးမဆို မိမိအနိုင်ရရေးအတွက်သာ ကြည့်သူမျိုးဖြစ်သည်။ ထိုသူများတွင် မိတ်ဆွေဟူ၍မရှိဘဲ ကိုယ့်အကျိုးအမြတ်တစ်ခုတည်းအတွက်သာ ကြည့်တတ်သူမျိုးဖြစ်သည်။

အခြားတစ်ခုမှာ နှစ်ဖက်စလုံး ဆက်ဆံမှုနောက်ဆုတ်ပြီး လက်မခံသည့် **"ငါမရှုံး မင်းမရှုံး–မဆက်ဆံ"**ဆိုသည့် ဆက်ဆံရေးမျိုးဖြစ်သည်။ နှစ်ဖက်ညှိနှိုင်းမှု၊ အရောင်းအဝယ် အဆင်မပြေသည့်အခါမျိုးတွင် ယဉ်ကျေးစွာငြင်းပယ်ကြပြီး အရောင်းအဝယ်မဖြစ်သည့် အခြေအနေမျိုးဖြစ်သည်။ ဥပမာ – ရောင်းသူက ဈေးမချပေးနိုင်သည့်အခါတွင် ဝယ်ယူသူဘက်က နောက်ဆုတ်ခြင်း၊ မဝယ်ခြင်းမျိုးဖြစ်သည်။ ထိုဆက်ဆံရေးငါးမျိုးတွင် တစ်ဖက်ကအသာစီးရပြီး တစ်ဖက်က အသာစီးမရသည့် ဆက်ဆံရေးမျိုးသာ တွေ့ရမည်ဖြစ်သည်။ အရောင်းအဝယ်ကောင်းများတွင် နှစ်ဖက်စလုံး အဆင်ပြေသော **"ငါနိုင် မင်းနိုင်"** ဆက်ဆံရေးမျိုး ဖြစ်ရမည်။ အရောင်းအဝယ်တွင် နှစ်ဖက်နိုင်သည်ဟု မရှိကြောင်း အချို့ကပြောတတ်သည်။ အမှန်မှာ ငါနိုင်မင်းနိုင်ဆိုရာတွင် ငွေကြေးတစ်ခုတည်း၊ ငွေကြေးအမြတ်အစွန်းတစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းမျိုးမဟုတ်ဘဲ ရောင်းသူက အမြတ်ငွေကြေးရသကဲ့သို့ ဝယ်ယူသူဘက်တွင် သင့်တော်သော ဈေးနှုန်းဖြင့် ရရှိခြင်း၊ ဈေးမှန်ခြင်း၊ အရည်အသွေး၊ အလေးချိန် စသည်တို့မှန်ကန်ခြင်း၊ ကတိကဝတ်မှန်ကန်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း စိတ်ကျေနပ်မှုရရှိခြင်း စသည့်အကျိုးများကို ရရှိခြင်းသည် ဝယ်ယူသူက အနိုင်ရရှိခြင်းဟု ခေါ်ဆိုနိုင်သည်။ အကယ်၍ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူသူများအတွက် မိမိတို့ပြန်ရောင်းချိန်တွင် ငွေကြေးအကျိုးအမြတ်ရရှိခြင်းမျိုးလည်းပါဝင်သည်။ ထိုသို့ "ငါနိုင်မင်းနိုင်" ဆက်ဆံရေးမျိုးဖြစ်မှသာလျှင် ရေရှည်တည်တံ့အောင်မြင်သော လုပ်ငန်းတစ်ခု ဖြစ်ထွန်းလာမည်ဖြစ်သည်။

**ညှိနှိုင်းပါ**

အရောင်းအဝယ်လုပ်ငန်းများတွင် "ငါနိုင်မင်းနိုင်" ဖြစ်ရေးအတွက် လုပ်ငန်းတူပြိုင်ဘက်များနှင့်ပါ ယှဉ်ပြိုင်ရခြင်းမျိုးရှိသည်။ မိမိရောင်းဝယ်လိုက်သော အခြေအနေတစ်ခုကို အကြိမ်ကြိမ် ဖြတ်ကျော်နိုင်ရမည်။ ထိုသို့ ဖြတ်ကျော်နိုင်ရန်အတွက် ရောင်းတိုင်း ဝယ်ယူသူက ချက်ချင်းဝယ်ယူသွားခြင်းမျိုးမဟုတ်ဘဲ ဝယ်ယူသူဘက်က **စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံတတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ဖွံ့ဖြိုးဝေဆာ ပြည်သာယာ

- သားငါးထွက်တိုး ပြည်ကျိုးမှန်လှစွာ
အားထားဆက်ကြိုး သယ်ပိုးကြဲဆကာ
စားရေရိက္ခာ ဖြာဖြာသွန်းလှစ်
တစ်ပိုင်တစ်နိုင် စီးပွားမြိုင်
တူပြိုင်လုံ့လ သစ်သည်နှင့်လေး။

- မသွေစနစ် ရင်းမြစ်တိုးတက်ကာ
ရွှေမြေတစ်ခေတ် လင်းသစ်ဖြိုးလက်မှာ
မြိုးမြဲချွေတာ ညီညာထူမတ်
အေးမြအတူ ဖေးမကူ
ကြည်ဖြူလမ်းမှန် ရပ်သည်နှင့်လေး။

- ကြံရည်ရွယ်လတ် မရပ်မနားချီ
မြန်ပြည်နယ်စပ် မလပ်မခြားပြီ
စွမ်းအားမျှညီ ပွားစည်လူထု
ဆေးချက်ပီပြင် နတ်ပန်းသွင်
ဝေလွင်သီးပွင့် စုသည်နှင့်လေး။

- ကြီးပွားကြောင်းပြု လူထုပြုံးရိပ်ကြွယ်
စီးပွားပေါင်းစု ပူမှုသုဉ်းဆိတ်ကွယ်
ကူးသန်းကုန်သွယ် ရောင်းဝယ်ဖွံ့ဖြိုး
တံခါးဖွင့်မှု ငွားစွင့်လူ
ညီတူပွားစီး တိုးသည်နှင့်လေး။

- ဖွံ့ဖြိုးဝေဆာ ပြည်သာယာ ညီညာဆောင်ထမ်းကြတော့သည်။
ခွန့်ကျိုးရှည်ကြာ ကြည်သာစွာ စည်ဖြာအောင်ပန်းလှတော့မည်။ ။

ညိုမောင်

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၂၁၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စပါးဧက ၂၃၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ညောင်ဦးမြို့နယ် ရေတွင်းညောင်ပင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းညောင်ပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ရန်ပုံငွေထုတ်ချေးရာတွင် သတ်မှတ်ထားသည့်အတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေတွင်းညောင်ပင်ကျေးရွာရှိ ခရေအဖွဲ့၊ ခွာညိုအဖွဲ့၊ ဇီဇဝါအဖွဲ့၊ သဇင်အဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

á စာမျက်နှာ ၄ မှအဆက်

တောင်းဆိုမှုများ၊ ဈေးဆစ်သည်များကိုလည်း ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုအခါမျိုးတွင် ရောင်းသူဘက်က ဈေးလျှော့ပေးမလား၊ ဈေးမလျှော့နိုင်သည်ကို ဝယ်ယူသူလက်ခံအောင် မည်သို့ညှိနှိုင်းပြောဆိုမည်ဆိုသည်ကို ရွေးချယ်ရမလား။ ဝယ်ယူသူဘက်ကလည်း ပစ္စည်းတစ်ခုကို အရည်အသွေးကြိုက်ခြင်း၊ လိုအပ်ခြင်းတို့ဖြစ်သည့်အခါ မဖြစ်မနေဝယ်ယူရမည့်အခြေအနေတွင် ရောင်းချင်အောင် ညှိနှိုင်းပြောဆိုနိုင်ရမည်ဖြစ်သည်။ မိမိတို့သည် အချိန်တိုင်းဝယ်ယူသူမဖြစ်သကဲ့သို့ အချိန်တိုင်း ရောင်းသူလည်းမဖြစ်နိုင်ပေ။

ထို့အတူ ရောင်းတိုင်းဝယ်တိုင်းလည်း ချက်ချင်းအဆင်ပြေသည်မဟုတ်ဘဲ ညှိနှိုင်းရသည်ကသာ များတတ်သည်။ ထို့ကြောင့် အရောင်းအဝယ်သမားကောင်းတစ်ဦးဖြစ်လာစေရန်အတွက် ညှိနှိုင်းရေးသမားကောင်းဖြစ်ရန် အရေးကြီးသည်။ ဘဝနှင့်ချီ၍ကြည့်မည်ဆိုပါကလည်း နှစ်ဖက်အကျိုးကိုကြည့်၍ ညှိနှိုင်းနိုင်သူက အောင်မြင်သူဖြစ်လာသည်။ ထို့ကြောင့် ငွေကြေးတစ်ခုတည်းသာမကြည့်ဘဲ အရောင်းအဝယ်များတွင် လူသားဆန်ခြင်း၊ တစ်ဖက်သားကို ကိုယ်ချင်းစာခြင်း တစ်ဖက်သားကိုလည်း မိမိကဲ့သို့ စိတ်ကျေနပ်မှုရစေရန် ဖန်တီးပေးခြင်း စသည့်အချက်များဖြင့် နှစ်ဖက်စလုံး "ငါနိုင်မင်းနိုင်"အခြေအနေ Win-Win Solution မျိုးဖြစ်စေရန်အတွက် အသာရချိန်တွင်လည်း တစ်ဖက်လူကိုစာနာပါ။ မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ရိုးသားပါ၊ သစ္စာရှိပါ။ အခြားသူများကို လေးစားပါ။ တစ်ဖက်သားနှင့် ရေရှည်ခိုင်မာသော ဆက်ဆံရေးမျိုးတည်ဆောက်ပါ။ သဘောတူညီချက်များ၊ ညှိနှိုင်းမှုများတွင် ရလဒ်ပိုင်းကို ရှင်းလင်းစွာနှစ်ဖက် ကျေနပ်သည်ထိသတ်မှတ်ပြီး လုပ်ပိုင်ခွင့်နှင့် တာဝန်ပိုင်းကို မျှတအောင်မျှဝေပါ။ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီအတွင်းလုပ်ငန်းရှင်နှင့် အလုပ်သမားကြား၊ ရောင်းသူနှင့် ဝယ်ယူသူကြား မျှတသည့်မူဝါဒတစ်ခုချမှတ်ထားပါ။ ကိုယ်က နိမ့်ကျနေလျှင်လည်း အောင်မြင်သူများအတွက် မုဒိတာပွားပါ။ အရောင်းအဝယ်များတွင် ငွေကြေးအမြတ်အပြင် လူသားချင်းစာနာသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Stephen Covey’s The 7 Habits of Highly Effective People

# ကိုလံဘီယာသမ္မတ ဒီလာအက်စပီရယ်လာ သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို




**ဘိုဂိုတာ ဩဂုတ် ၈**

ကိုလံဘီယာ သမ္မတသစ် လက်ယာစွန်း နိုင်ငံရေးဝါဒီ အဘီလာတိုဒီလာ အက်စပီရယ်လာသည် ဩဂုတ် ၇ ရက်တွင် ကိုလံဘီယာ သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိမိအနေဖြင့် မူးယစ်ဆေးဝါး ကုန်သွယ်မှုကို ဖိဖိစီးစီး ဖြိုခွင်းမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍ၌ ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးအတွက် ဘဏ္ဍာရေးခြိုးခြံချွေတာမှုမူဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း သမ္မတ ဒီလာအက်စပီရယ်လာက သမ္မတကျမ်းသစ္စာဆိုမိန့်ခွန်း၌ ကတိပြုပြောကြားခဲ့သည်။

အသက် ၄၈ နှစ်ရှိ အက်စပီရယ်လာသည် ပြည်တွင်းလက်နက်ကိုင်အုပ်စုများကိုနှိမ်နင်းရေး ကတိကဝတ်ဖြင့် ယခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲဒုတိယအကျော့တွင် အနိုင်ရခဲ့သူဖြစ်သည်။

ကိုလံဘီယာ သမ္မတသစ် ဒီလာအက်စပီရယ်လာသည် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို အစဉ်အလာအတိုင်း ဘိုဂိုတာမြို့၌ ကျင်းပခဲ့ခြင်းမရှိဘဲ ကိုလံဘီယာ အနောက်တောင်ပိုင်း ကာလီမြို့၌ ကျင်းပခဲ့သည်။

သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲပြီးဆုံးပြီးနောက် ကိုလံဘီယာ သမ္မတသစ် ဒီလာအက်စပီရယ်လာသည် ကာလီမြို့ရှိ စစ်စခန်းတစ်ခုသို့ ဆက်လက်သွားရောက်၍ ကိုလံဘီယာ တပ်ဖွဲ့ဝင်များကို မိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဆော်ဒီအာရေဗျ၊ ပါကစ္စတန်၊ တူကီယဲ ခေါင်းဆောင်များ သုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ် လက်မှတ်ရေးထိုး

**အစ္စလာမ္မာဘတ် ဩဂုတ် ၈**

ဆော်ဒီအာရေဗျ၊ ပါကစ္စတန်၊ တူကီယဲနိုင်ငံတို့သည် ဩဂုတ် ၇ ရက်တွင် အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက် တစ်ရပ်ကို လက်မှတ် ရေးထိုးခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အဆိုပါ သုံးနိုင်ငံ အပြန်အလှန် ကာကွယ်ရေး သဘောတူညီချက်ကို ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမ်မက်ဘင်ဆယ်လ်မန်၊ တူကီယဲသမ္မတ အာဒိုဂန်၊ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှာရစ်ဖ်တို့က ဆော်ဒီအာရေဗျနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သုံးနိုင်ငံအပြန်အလှန် ကာကွယ်ရေး သဘောတူညီချက်အရ တစ်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပါက သုံးနိုင်ငံလုံးကို တိုက်ခိုက်မှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်း ဒေသ၌ စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေချိန်တွင် သုံးနိုင်ငံအပြန်အလှန် ကာကွယ်ရေး သဘောတူညီချက်ကို ဆော်ဒီအာရေဗျ၊ တူကီယဲ၊ ပါကစ္စတန် ခေါင်းဆောင်များက လက်မှတ် ရေးထိုးခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေး အီရန်နှင့် အိုမန် ဆွေးနွေးပွဲများ တိုးတက်မှုရှိ

**ဝါရှင်တန် ဩဂုတ် ၈**

ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးအတွက် အီရန်နှင့် အိုမန်နိုင်ငံတို့ကြား ကျင်းပနေသောဆွေးနွေးပွဲများမှာ တိုးတက်မှုများရရှိထားကြောင်း အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၇ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မကြာမီကာလအတွင်း အိုမန်နှင့် အီရန်တို့အနေဖြင့် ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေး သဘောတူညီချက်ကို ရယူနိုင်မည်ဟု အမေရိကန်နိုင်ငံက မျှော်လင့်ထားကြောင်း အဆိုပါ အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိသူက ပြောကြားထားသည်။

ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါက အမေရိကန်နှင့် အီရန်တို့ကြား ဖြစ်ပွားနေသော ငါးလကျော်ကြာ စစ်ရေးပဋိပက္ခကြောင့် ထိခိုက်ပျက်ပြားခဲ့ရသည့် အရှေ့အလယ်ပိုင်း ရေနံတင်ပို့မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာနိုင်သည်။

အီရန်နှင့် အိုမန်တို့ကြား ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ထိန်းချုပ်ရေး သဘောတူညီချက်သည် ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူရေးအတွက် အရေးကြီးသည့် အကြောင်းရင်းတစ်ရပ် ဖြစ်လာနိုင်သည်။

ဟော်မုဇ် ရေလက်ကြားတစ်လျှောက် ရေကြောင်းသွားလာမှုများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိစေမည့် သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာချိန်တွင် အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားမှုကို အမေရိကန်နိုင်ငံက ပြန်လည်ရုပ်သိမ်းပေးမည် ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# မြေထဲပင်လယ် လူမှောင်ခိုဂိုဏ်း စပိန်ရဲတပ်ဖွဲ့ ဖြိုခွင်း

**မက်ဒရစ် ဩဂုတ် ၈**

မြေထဲပင်လယ်ဒေသ၏ အကြီးမားဆုံး လူမှောင်ဂိုဏ်းများအနက် တစ်ခုကို စပိန်ရဲတပ်ဖွဲ့က ဖြိုခွင်းနိုင်ခဲ့ကြောင်း စပိန်ပြည်သူ့အစောင့်တပ်ဖွဲ့က ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြေထဲပင်လယ် ဒေသ၌ လှုပ်ရှားနေသော အန္တရာယ်အကြီးမားဆုံး နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းတစ်ဂိုဏ်းကို စပိန်အမျိုးသားရဲတပ်ဖွဲ့နှင့် ပြည်သူ့အစောင့်တပ်ဖွဲ့တို့ ပူးပေါင်းဖြိုခွင်းနိုင်ခဲ့ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ လူမှောင်ခိုဂိုဏ်းသည် စပိန်နိုင်ငံအတွင်းသို့ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၂၀၀၀ ကျော်ကို ခိုးသွင်းခဲ့ကြောင်း စပိန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

စပိန်အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါ လူမှောင်ခိုဂိုဏ်းသည် အမြန်ရေယာဉ်ငယ်များသုံး၍ စပိန်နိုင်ငံမှ အယ်လ်ဂျီးရီးယားနိုင်ငံသို့ ပို့ဆောင်၍ အပြန်ခရီးတွင် အာဖရိကနွယ်ဖွား ရွှေ့ပြောင်းဝင်ရောက်သူများကို စပိန်နိုင်ငံအရှေ့တောင်ကမ်းရိုးတန်းနှင့် အိုင်ဘီဇာကျွန်းသို့ ခေါ်ယူလာကြောင်း သိရသည်။

အဆိုပါ လူမှောင်ခိုဂိုဏ်းသည် လူမှောင်ခိုလုပ်ငန်းမှ အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၂၇ သန်းထိ ရရှိခဲ့ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း စပိန်နိုင်ငံ စီယူတာမြို့တွင်းသို့ မော်ရိုကိုနိုင်ငံဘက်ခြမ်းမှ ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၇၂၀၀ ခန့် ဝင်ရောက်ထားခဲ့ပြီးနောက် စပိန်ရဲတပ်ဖွဲ့၏ လူမှောင်ခိုဂိုဏ်းဖြိုခွင်းမှုသတင်း ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ကွန်ဂို၌ ခရီးသည်တင်ရေယာဉ်ကို ကြားဖြတ်ဟန့်တား၍ လိုက်ပါလာသူခရီးသည်များကို အီဘိုလာဗိုင်းရပ်စ်ရောဂါ စစ်ဆေး

**ကင်ရှာဆာ ဩဂုတ် ၈**

ကွန်ဂိုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများသည် ကင်ရှာဆာမြို့အနီး၌ မြစ်တွင်းသွား ခရီးသည်တင်သင်္ဘောတစ်စီးကို ကြားဖြတ်ဟန့်တား၍ လိုက်ပါလာသူ ခရီးသည်များကို အီဘိုလာဗိုင်းရပ်စ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုသို့ စစ်ဆေးရာတွင် ရေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ဦးရေ ၃၀၀ အနက် ခုနစ်ဦးတို့တွင် အီဘိုလာဗိုင်းရပ်စ်စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။



ပြီးခဲ့သည့် လကုန်ပိုင်းတွင် အဆိုပါရေယာဉ်ဖြင့် ခရီးသွားခဲ့သူ အသက် ၃၂ နှစ်ရှိ အမျိုးသားတစ်ဦး အီဘိုလာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးခဲ့ပြီးနောက် ကွန်ဂိုတာဝန်ရှိသူများက အဆိုပါရေယာဉ်ကို ကင်ရှာဆာမြို့အနီး ကြားဖြတ်တားဆီး၍ လိုက်ပါလာသူခရီးသည်များကို အီဘိုလာဗိုင်းရပ်စ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကွန်ဂိုအရှေ့ပိုင်း ပြည်နယ်ငါးခုတို့၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်နေဆဲဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

ကွန်ဂိုတာဝန်ရှိသူများ၏ အဆိုအရ ဩဂုတ် ၇ ရက်ထိ ကွန်ဂိုအရှေ့ပိုင်းပြည်နယ် ငါးခုတို့၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်သူဦးရေ ၄၀၀၀ ကျော်ထိရှိလာပြီး သေဆုံးသူဦးရေ ၁၈၅၀ ထိ ရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရုတ်အမျိုးသားအာကာသအေဂျင်စီက OSE-01 နှင့် OSE-02 ဂြိုဟ်တုနှစ်စင်းကို စမတ်ဒရာဂွန်-၃ ဒုံးပျံဖြင့် လွှတ်တင်



ပေကျင်း ဩဂုတ် ၈

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် OSE-01 နှင့် OSE-02 အမည်ရှိ ဂြိုဟ်တုနှစ်စင်းကို စမတ်ဒရာဂွန်-၃ ဒုံးပျံဖြင့် ဩဂုတ် ၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

OSE ဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်ထားသည့် စမတ်ဒရာဂွန်-၃ ဒုံးပျံကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်းပြည်နယ် ဟိုင်ယန်မြို့ ကမ်းရိုးတန်းကမ်းလွန်ရေပြင်ထဲမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် စမတ်ဒရာဂွန်-၃ ဒုံးပျံသည် သယ်ဆောင်ထားသည့် OSE ဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အလေးချိန်ကီလိုဂရမ် ၃၀၀ စီရှိသော OSE-01 နှင့် OSE- 02 ဂြိုဟ်တုများ၌ Hyperspectral Imager ခေါ် စူးစမ်းလေ့လာရေး စနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

OSE-01 နှင့် OSE- 02 ဂြိုဟ်တုနှစ်စင်းသည် အထက်ပါစူးစမ်းလေ့လာရေးစနစ်များကို အသုံးပြု၍ ကမ္ဘာဂြိုဟ်ကို စူးစမ်းလေ့လာမည်ဖြစ်သည်။

စမတ်ဒရာဂွန်ဒုံးပျံများသည် အလေးချိန် ကီလိုဂရမ် ၁၅၀၀ ထိရှိသည့်ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၅၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# အမျိုးသမီးများကလေးဘဝအရွယ်တွင် အဝလွန်မှု ပြဿနာရှိပါက မျိုးဆက်ပွားနိုင်စွမ်းထိခိုက်နိုင်

ကိုပင်ဟေဂင် ဩဂုတ် ၈

အမျိုးသမီးများ ကလေးဘဝအရွယ်တွင် အဝလွန်မှုပြဿနာရှိနေပါက မျိုးဆက်ပွားနိုင်စွမ်းထိခိုက်နိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက်ခြောက်နှစ် အရွယ်တွင် အဝလွန်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသူ မိန်းကလေးများသည် အသက် ၃၀ ခန့်တွင် မိခင်လောင်းဘဝရနိုင်ခြေမှာ ပုံမှန်ထက် ၄၂ ရာခိုင်နှုန်းနည်းပါး လာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ခြောက်နှစ်အရွယ်တွင် ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း (BMI)မြင့်တက်ခဲ့သူ မိန်းကလေးများမှာ အရွယ်ရောက်လာချိန်တွင် သားသမီးရနိုင်ခြေ ပုံမှန်ထက်နည်းပါးလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၈၉ ခုနှစ်ကြား မွေးဖွားခဲ့သော အမျိုးသမီး ၆၀၈၆၄ ဦးတို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။


Ref : Russia Today
Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးဒုံးယာဉ်က လကမ္ဘာကိုဝင်တိုက်ခဲ့

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးဒုံးယာဉ်သည် ဩဂုတ် ၆ ရက်တွင် လကမ္ဘာကို ဝင်တိုက်ခဲ့ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

အလေးချိန် ကီလိုဂရမ် ၄၀၀၀ ရှိသော ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူး ဒုံးယာဉ်သည် လမျက်နှာပြင်ကို တစ်နာရီလျှင် မိုင် ၅၄၀၀ အမြန်နှုန်းဖြင့် ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) တာဝန်ရှိသူများက ပြောကြားသည်။



လက်ရှိအချိန်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးဒုံးယာဉ်ကျရောက်ရာနေရာကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် သိပ္ပံပညာရှင်များက လပတ်အာကာသယာဉ်နှစ်စင်း၏အကူအညီဖြင့် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံယာဉ် ထိပ်ဖူးဒုံးယာဉ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် Firefly Aerospace ၏ ဘလူးဂို့စ် လဆင်းယာဉ်နှင့် အိုင်စပေ့ကုမ္ပဏီ၏ Resilience လဆင်းယာဉ်များကို လွှတ်တင်ရာတွင် အသုံးပြုခဲ့သည့် ထိပ်ဖူးဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးဒုံးယာဉ်သည် လကမ္ဘာ၏ နေရောင်ကျရောက်ရာဘက်ခြမ်းသို့ ဝင်တိုက်ခဲ့ခြင်းဖြစ်ရာ ၎င်းဖြစ်စဉ်မှ ပေါ်ထွက်လာသည့် အလင်းရောင်ကို တွေ့ရှိရန်ခက်ခဲကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ် ကျရောက်မှုကြောင့် အချင်း ၈၉ ပေ(၂၇ မီတာ)ရှိသည့် ဥက္ကာချိုင့်ဝှမ်းတစ်ခု ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

Ref : Sputnik News
Trs : KKO

# GLP-1 အုပ်စုဝင်ဆေးများက ရင်သားကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေကို တားဆီးပေးနိုင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၈

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် ရင်သားကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများသုံးစွဲမှုသည် ရင်သားကင်ဆာရောဂါ တစ်ကျော့ပြန် ပေါ်ထွက်လာနိုင်ခြေ ကျဆင်းလာမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

ထို့ပြင် GLP-1 အုပ်စုဝင်ဆေးများသည် ရင်သားကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုကို ကာကွယ်ရာတွင်လည်း အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

GLP-1 အုပ်စုဝင်ဆေးများ၏ ကိုယ်အလေးချိန် လျှော့ချနိုင်စွမ်းနှင့် ရောင်ရမ်းမှုပြဿနာကို လျှော့ချနိုင်စွမ်းရှိမှုတို့သည် ရင်သားကင်ဆာရောဂါတစ်ကျော့ပြန်ပေါ်ထွက်လာနိုင်ခြေကျဆင်းမှုနှင့်ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

GLP-1 အုပ်စုဝင်ဆေးများသည် ပုံစံ-၂ ဆီးချိုရောဂါနှင့် အဝလွန်မှုရောဂါများကို ကုသရာတွင် အသုံးပြုသည့် ဆေးများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် GLP-1 အုပ်စုဝင်ဆေးများ၏ ကင်ဆာရောဂါများအပေါ် အကျိုးသက်ရောက်မှုကို အတည်ပြုနိုင်ရေးအတွက် လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO




# စပေ့စ်အိတ်ကုမ္ပဏီက ၁၄ ကြိမ်မြောက် Starship အာကာသဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ဩဂုတ်လကုန်ပိုင်းတွင် ပြုလုပ်ရန်စီစဉ်ထား

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starshipအာကာသဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ဩဂုတ်လကုန်ပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

၁၄ ကြိမ်မြောက် Starship အာကာသဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ယခုလကုန်ပိုင်းတွင် ပြုလုပ်မည့်အစီအစဉ်ကို စပေ့စ်အိတ်ကုမ္ပဏီ၏ အကြီးအကဲ အီလွန်မက်စ်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၄ ကြိမ်မြောက် စမ်းသပ်လွှတ်တင်မှုတွင် Starship ဒုံးပျံယာဉ်၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို ဒုံးပစ်စင်တွင် တပ်ဆင်ထားသော စက်ရုပ်လက်တံများဖြင့် ဖမ်းယူရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်အတွင်း Starship ဒုံးပျံယာဉ်သည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၁၃ ကြိမ်မြောက် Starshipအာကာသဒုံးပျံယာဉ်စမ်းသပ်မှုကို ယခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များပေါ်သို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံယာဉ်များကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ONE Samurai 3 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဟာလင်းဟုမ်းက ဂျပန်ဖိုက်တာ နာဒါကာနှင့် ထိုးသတ်ရမည်

ရန်ကုန် ဩဂုတ် ၈

ONE Championship အဖွဲ့ချုပ်ကကြီးမှူးပြီး ဂျပန်နိုင်ငံတွင် ကျင်းပမည့် ONE Samurai 3 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဟာလင်းဟုမ်းသည် ဂျပန်ဖိုက်တာ နာဒါကာနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

ONE Championship အဖွဲ့ချုပ်သည် ပရိုမိုးရှင်းပြိုင်ပွဲအဖြစ် ONE Samurai အမည်ဖြင့် ဂျပန်နိုင်ငံတွင် ကျင်းပနေပြီး လာမည့်ပြိုင်ပွဲကို သုံးကြိမ်မြောက်ပြိုင်ပွဲအဖြစ် ONE Samurai 3 အမည်ဖြင့် ကျင်းပမည်ဖြစ်သည်။

ONE Championship အဖွဲ့ချုပ်သည် ONE Samurai ပြိုင်ပွဲများကို ဂျပန်နိုင်ငံရှိ မြို့ကြီးများတွင် ကျင်းပနေပြီး ONE Samurai 3 ပြိုင်ပွဲကိုလည်း လာမည့် စက်တင်ဘာ ၁၂ ရက်တွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ ယိုကိုဟားမားဘန်တိုင် အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ဟာလင်းဟုမ်းနှင့် နာဒါကာတို့သည် ONE Samurai 3 ပြိုင်ပွဲတွင် ကစ်ဘောက်ဆင် အက်တမ်ဝိတ်တန်းပွဲစဉ်အဖြစ် ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ကာလရှည်ထိုးသတ်ခဲ့ဖူးသည့် ဟာလင်းဟုမ်းသည် ONE Championship နှင့် စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် မွေထိုင်းပြိုင်ပွဲများတွင်သာ ထိုးသတ်ခဲ့ပြီး ကစ်ဘောက်ဆင် ပြိုင်ပွဲကို ပထမဆုံးအကြိမ် ထိုးသတ်မည်ဖြစ်သည်။

ဟာလင်းဟုမ်းသည် ONE Championship နှင့် လက်တွဲခဲ့ပြီးနောက် မွေထိုင်းပွဲစဉ် ငါးပွဲ ထိုးသတ်ခဲ့ရာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားပြီး နာဒါကာသည် ငါးပွဲထိုးသတ်ခဲ့ရာ ငါးပွဲလုံး အနိုင်ရရှိထားသူ ဖြစ်ကြောင်း သိရသည်။

STA




# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကို ခုနစ်ဂိုး နှစ်ဂိုး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုး၊ အားကစားရေးရာဝန်ကြီးဌာန အသင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးအသင်းကို ရှစ်ဂိုး နှစ်ဂိုးဖြင့် အသီးသီး ယှဉ်ပြိုင်အနိုင်ရခဲ့သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ဩဂုတ် ၉ ရက်တွင် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ဆော်ဒီအာရေဗျအသင်း ကွင်းအတွင်းလာရောက်ခြင်းမရှိသည့်အတွက် မြန်မာအသင်း အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၈

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် ယနေ့တွင် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ဆော်ဒီအာရေဗျအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ဆော်ဒီအာရေဗျအသင်း ကွင်းအတွင်းလာရောက်ခြင်း မရှိသည့်အတွက် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် အမျိုးသားသုံးယောက်တွဲ ပြိုင်ပွဲအဖြစ် ဆော်ဒီအာရေဗျအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ဆော်ဒီအာရေဗျအသင်းက သတ်မှတ်ထားသည့်အချိန်၌ ကွင်းအတွင်းသို့ ရောက်ရှိလာခြင်းမရှိသည့်အတွက် ပြိုင်ပွဲတာဝန်ရှိသူများက မြန်မာအသင်းကို အနိုင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ယနေ့ ပွဲစဉ်များအပြီးတွင် အမျိုးသားလေးယောက်တွဲပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခု၊ အမျိုးသား၊ အမျိုးသမီး ကွင်းသွင်းခြင်းပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခုစီ စုစုပေါင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်သုံးခု ဆွတ်ခူးထားသည်။

၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာအသင်းသည် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့်ပွဲစဉ်များလည်း ဆက်လက် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အတွက် အုပ်စုမဲခွဲမှုကို ဩဂုတ် ၂၇ ရက်တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၈

မြန်မာ ယူ- ၁၇ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှ ယူ- ၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အတွက် အုပ်စုမဲခွဲမှုကို ဩဂုတ် ၂၇ ရက်တွင် အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ) ရုံးချုပ်တည်ရှိသည့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အာရှဒေသတွင်းမှ ပြိုင်ပွဲဝင် အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်းပါ အုပ်စု ခုနစ်ခုဖြင့် ခွဲခြားကျင်းပကာ အုပ်စုတစ်ခုချင်းစီတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်သည်။

အာရှ ယူ- ၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အုပ်စုပွဲစဉ်များကို လာမည့် နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲစဉ်များအပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဥဇဘက်ကစ္စတန်နိုင်ငံတွင် လာမည့် ၂၀၂၇ ခုနှစ် မေ ၁၂ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ- ၁၇ အသင်းသည် ယခုနှစ်အတွင်း အာရှ ယူ- ၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအပြင် ယူ- ၁၇ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း ဝင်ရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၈

အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်ထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည်ဖြစ်သည်။




ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ မြင့်တက်လာစေရန် ကမ္ဘာ့ ကြက်တောင်ရိုက်အဖွဲ့ချုပ် (BWF)အသိအမှတ်ပြု နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိနေပြီး ၂၀၂၆ ကမ္ဘာ့ချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲသည်လည်း ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ်(BWF) အသိအမှတ်ပြုပြိုင်ပွဲတစ်ခုဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာ ကြက်တောင်ရိုက်ကစားသမား ဟိန်းထွဋ်သည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁၂၄) နေရာ၌ရပ်တည်နေသည့် ပိုလန် ကြက်တောင်ရိုက် ကစားသမား Szymanowski နှင့် စတင်ကစားရမည်ဖြစ်သည်။

အလားတူ သက်ထားသူဇာသည်လည်း အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂၆) နေရာတွင် ရပ်တည်နေသည့် အိမ်ရှင် အိန္ဒိယ ကြက်တောင်မယ် Unnati Hooda နှင့် စတင်ကစားရမည်ဖြစ်ပြီး ပွဲစဉ်ကစားမည့် ရက်များကို ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရ




ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၁၇ မိနစ်နှင့် ၁၈ မိနစ်တို့တွင် နန်းချိုမှူးက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကပင် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၇၇ မိနစ်တွင် ဇင်မိုးပြည့်နှင့် ပွဲချိန် ၇၉ မိနစ်တွင် နန်းချိုမှူးတို့က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ဩဂုတ် ၉ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မြဝတီအသင်းနှင့် ဖွဲကပင်ယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Shopee Cup 2026 ပြိုင်ပွဲ၌ Ezra FC အသင်းနှင့်ကစားမည့် ခြေစစ်ပွဲနှစ်ကျော့လုံးကို ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်းတွင်ကစားရမည်

ရန်ကုန် ဩဂုတ် ၈

မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ် ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ် Ezra FC အသင်းနှင့်ကစားမည့် Shopee Cup 2026 ပြိုင်ပွဲ ခြေစစ်ပွဲနှစ်ကျော့လုံးကို အိမ်ကွင်းပွဲစဉ်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် လက်ခံကစားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့်အတွက် လာမည့် Shopee Cup 2026 ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ရှမ်းယူနိုက်တက်အသင်းသည် Shopee Cup 2026 ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သော်လည်း EzraFC အသင်း၏ အိမ်ကွင်း လက်ခံကျင်းပရန် အခက်အခဲများကြောင့် နှစ်ကျော့လုံးကို အိမ်ကွင်းအဖြစ် လက်ခံကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းနှင့် Ezra FC အသင်းတို့သည် Shopee Cup 2026 ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်ကို လာမည့် စက်တင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက်တွင်လည်းကောင်း အသီးသီးကစားရမည်ဖြစ်ပြီး နှစ်ပွဲလုံးကို ည ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ရိုင်ဘာကီနာနှင့် ဖာနန်ဒက်ဇ်တို့ နိုင်ပွဲကိုယ်စီရရှိ

တိုရွန်တို ဩဂုတ် ၈

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်တို့သည် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး စတုတ္ထအဆင့်ကို တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် အန်လီနှင့် ယှဉ်ပြိုင်ခဲ့ပြီး ရိုင်ဘာကီနာက (၆-၂၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်တင်းနစ်မယ် ဖာနန်ဒက်ဇ်သည် ရုရှားဆယ်ကျော်သက်တင်းနစ်မယ် အန်ဒရီဗာနှင့် ယှဉ်ပြိုင်ခဲ့ပြီး ဖာနန်ဒက်ဇ်က (၆-၁၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အန်ဒရီဗာသည် အမှားများခဲ့သည့်အတွက် ပုံစံကောင်းပြသနေသည့် ဖာနန်ဒက်ဇ်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်ဇ်က "အန်ဒရီဗာလို ပြိုင်ဘက်မျိုးကို ပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရခဲ့တာဟာ အပေါင်းလက္ခဏာဆောင်တဲ့ အခြေအနေဖြစ်ပါတယ်။ အခုလို ရလဒ်ကောင်းနဲ့ အနိုင်ရခဲ့တဲ့ အဓိကအကြောင်းအရင်းကတော့ စိတ်ရှည်ရှည်ထားပြီး ပွဲအပေါ်သေချာအာရုံစိုက်ခဲ့ပါတယ်။ အမှားနည်းအောင် ကစားနိုင်ခဲ့လို့ပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

# Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟော့စလာ ဦးဆောင်



နယူးယောက် ဩဂုတ် ၈

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဂရင်းစဘိုရိုမြို့တွင် ကျင်းပနေသည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟော့စလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စမစ်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘင်ဂျီမ်းစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဟော့စချယ်လ်အပါအဝင် ပြိုင်ပွဲဝင် ၁၀ ဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ကိုးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင်ပူးတွဲရပ်တည်ထားသည်။

ဟော့စလာက "ဒီနေ့မှာတော့ ပထမနေ့ကလောက် ကောင်းအောင်မကစားနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လဲ ပထမနေ့ရလဒ်ကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခွင့်ရခဲ့ပါတယ်။ အဲ့ဒီအတွက် ဝမ်းသာဂုဏ်ယူပါတယ်။ တတိယနေ့ကျရင်တော့ ပထမနေ့မှာတုန်းကလို ကစားနိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ISPE အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရ




ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ရန်ပိုင်ဦးက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်စီးတီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ISPE အသင်းက ပြန်လည် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၅၉ မိနစ်တွင် သက်ထူးစံ၊ ပွဲချိန် ၇၈ မိနစ်နှင့် ၈၆ မိနစ်တို့တွင် စစ်ငြိမ်းချမ်းဦးက ISPE အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ဩဂုတ် ၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း၌ ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ ကြံသီးနှံစိုက်ပျိုးကြစို့

ဇော်လူလူ

ကြံသည် စက်မှုကုန်ကြမ်းစိုက်ပျိုးသီးနှံဖြစ်ပြီး သကြားစက်ရုံများ၊ ဖျော်ရည်လုပ်ငန်းများနှင့် လက်မှုလုပ်ငန်းများတွင် အသုံးပြုသည်။ သကြား၊ အရက်၊ အီသနော၊ တိရစ္ဆာန်အစာနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သော တန်ဖိုးမြင့်သီးနှံတစ်ခုဖြစ်သည်။ ကြံမှ အရွက်၊ ထိပ်ဖျား၊ ကြံဖတ်ကိုလည်း တိရစ္ဆာန်အစာ၊ မြေသြဇာနှင့် စွမ်းအင်ထုတ်လုပ်ရာတွင်လည်း အသုံးချနိုင်သည်။

ကြံသည် ပူနွေးစိုစွတ်သောဒေသနှင့် သမနွေးပိုင်းဒေသများတွင် ဖြစ်ထွန်းပြီး ပုံမှန်အားဖြင့် အမြင့်ကိုးပေ နှင့် ၁၅ ပေကြား၊ ပင်စည်လုံးပတ်မှာ အချင်းနှစ်လက်မခန့်ရှိတတ်ပြီး အပင်ခြေတွင် ပင်စည်ပွားများစွာထွက်ရန် ဘေးတက်များစွာရှိနေသည့် အပင်တစ်မျိုးဖြစ်သည်။ ကြံစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မားရန်အတွက် ရာသီဥတုအနေအထား၊ မြေအမျိုးအစား၊ မြေသြဇာ၊ ရေသွင်းရေထုတ်၊ ရောဂါ၊ ပိုးမွှားကာကွယ်နှိမ်နင်းမှုနှင့် ရိတ်သိမ်းချိန်အပေါ် များစွာမူတည်သည့်အတွက် အကောင်းဆုံး သီးနှံစီမံခန့်ခွဲမှုစနစ်များကို အလေးထားပြုလုပ်ပေးရန် လိုအပ်ပေသည်။

ကြံသည် ကမ္ဘာ့ဝယ်လိုအားများသလို စိုက်ပျိုးသူအတွက်လည်း အကျိုးအမြတ်များ ပေးနိုင်သော သီးနှံဖြစ်၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သင့်သော သီးနှံ တစ်ခုပင်ဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာတွင် ကြံစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာ့ကြံစိုက်ပျိုး ထုတ်လုပ်မှုအများဆုံးနိုင်ငံများထဲတွင် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့လည်း ပါဝင်နေသည်။

**အထွက်နှုန်းကောင်းရန် မျိုးရွေးချယ်ခြင်း**

ကြံစိုက်ပျိုးမှုတွင် အရေးကြီးဆုံးအချက်မှာ မျိုးကောင်းကို ရွေးချယ်စိုက်ပျိုးခြင်းဖြစ်သည်။ အထွက်နှုန်းမြင့်မားခြင်း၊ သကြားဓာတ်ပါဝင်မှုကောင်းခြင်း၊ ရောဂါနှင့်ပိုးမွှားဒဏ်ခံနိုင်ခြင်း စသည့် အားသာချက်များသည့် ကြံမျိုးကောင်းများ ရှိသည်။ ထို့ပြင် ရာသီဥတု၊ မြေအမျိုးအစားနှင့် ကိုက်ညီသော မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။

**မြေဆီလွှာနှင့်မြေပြုပြင်ခြင်း**

မြေကြီးထဲတွင် အစိုဓာတ်ပမာဏ လုံလောက်စွာရှိနေအောင် ထိန်းသိမ်းထားနိုင်သော မည်သည့်မြေအမျိုးအစားတွင်မဆို ကြံစိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းမြေစေးများသည် ကြံအထွက်နှုန်းနှင့် ကြီးထွားမှုအတွက် အကောင်းဆုံး ဖြစ်သည်။

ကြံသည် ရေကြိုက်သောသီးနှံဖြစ်သော် လည်း ရေဝပ်ခြင်းကို မနှစ်သက်ပါ။ ကြံစိုက်ပျိုးနိုင် သည့် မြေချဉ်ငံကိန်း (pH) မှာ ၅ မှ ၈ ကြား ဖြစ်သည်။ ကြံပင်သည် ၁၂ လမှ လ ၂၀ ထိ စိုက်ခင်းထဲတွင် ရှင်သန်ဖြစ်ထွန်းပြီး ရင့်မှည့်ရန်အချိန်ပေးရသော သီးနှံတခုဖြစ်၍ မြေဆီကြွယ်ဝသောမြေသည် အထူး သင့်လျော်သည်။ ကြံစိုက်မည်ဆိုပါက မြေကြီးထဲရှိ အာဟာရဓာတ်ပါဝင်မှု စမ်းသပ်စစ်ဆေးခြင်းကို အရင်ဆုံးပြုလုပ်သင့်သည်။

ကြံစိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်းသည် တစ်နှစ်နှင့်တစ်နှစ်အထက် သက်တမ်းရှိသော သီးနှံများအတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ လယ်ထွန်စက်ဖြင့် နှစ်ကြိမ်မှ သုံးကြိမ်ထိ ကောင်းစွာထွန်ယက်ပေးရန် လိုအပ်သည်။ ပထမဆုံးအကြိမ် ထွန်ယက်ခြင်းကို ရှေ့တစ်ရာသီ သီးနှံ ရိတ်သိမ်းပြီးသည်နှင့် စတင်ရမည်။ ပထမအကြိမ် ထယ်ထိုးရာတွင် မြေကျစ်မြေခဲများ ကောင်းစွာကျေပျက်အောင် ပြုလုပ်ရမည်ဖြစ်ပြီး ထယ်ထိုးပြီးပါက သုံးလ မြေလှပ်ထားရမည်။ ဒုတိယအကြိမ် ထယ်ထပ်ထိုးပြီးပါက သုံးကြိမ်နှင့်



လေးကြိမ်ထိ ထွန်ယက်ခြင်းကို ပြုလုပ်ပေးခြင်းဖြင့် ထွန်ရေးညက်သောမြေကို ရရှိမည်။ မျိုးစေ့ချရန်အတွက် မြေကိုညီအောင် ဒလိမ့်တုံးဆွဲခြင်းဖြင့် ညှိယူရသည်။ ထို့နောက် မြေဆွေးများကိုထည့်သွင်းပေးရသည်။

**စိုက်ပျိုးနည်း**

ကြံစိုက်ပျိုးရာတွင် ရင့်သောကြံဆစ်ပိုင်းများကို ဖြတ်တောက်၍ကိုင်းဖြတ် မျိုးပွားခြင်း၊ စိုက်ပျိုးခြင်းနှင့် ပင်ကြား၊ တန်းကြား၊ ကိုင်းဖြတ်မျိုးပွားခြင်း စိုက်ပျိုးကြသည်။ အရည်အသွေးကောင်း၍ ရောဂါဒဏ်ခံနိုင်ရည်ရှိသော ကြံဆစ်ပိုင်းများကို ရွေးချယ်ခြင်းသည် အထွက်နှုန်းတိုးတက်စေရန် ကနဦးအဆင့်ဖြစ်သည်။ ဖြတ်ပိုင်းများမဖြတ်မီ ရွေးထားသော ကြံပင်ကို ရက်အနည်းငယ်စော၍ မျိုးပိုင်းများ အရင်ခုတ်ထားပါ။ ဖြတ်ပိုင်းများကို စိုက်ပျိုးရာတွင် နေရာဒေသအလိုက် နည်းလမ်း များစွာရှိသော်လည်း လူသိများသောနည်းမှာ ထယ်ကြောင်းပေး၍ စိုက်ပျိုးခြင်းဖြစ်သည်။ အနက် ခြောက်လက်မမှ ၁၂ လက်မတွင် မြောင်းအတွင်း၌ အလျားလိုက်ချ၍သော်လည်းကောင်း၊ ၄၅ ဒီဂရီစောင်း၍သော်လည်းကောင်း ကြံဖြတ်ပိုင်းများကို စိုက်ပျိုးနိုင်သည်။ ကြံဖြတ်ပိုင်းများကို မြေလွှာပါးပါး ဖြင့်ဖုံးပေးရသည်။ ကြံဖြတ်ပိုင်းများကို စိုက်ခင်းထဲသို့ တိုက်ရိုက်ချ စိုက်ပျိုးနိုင်သလို ပျိုးခြံများတွင် အတက်မှအရွက်များ ကြီးထွားလာကာမှ စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။

**လမိုင်းထားခြင်း**

ကြံလမိုင်းထားခြင်းဆိုသည်မှာ ပြီးခဲ့သော ကြံစိုက်ရာသီမှ ကြံပင်များကိုခုတ်သိမ်းပြီးနောက် ကျန်နေသော ကြံငုတ်ဟောင်းများမှ အပင်သစ်ပြန်ထွက်ရှိလာ စေရန် ဆက်လက်ထိန်းသိမ်းစိုက်ပျိုးသည့် လယ်ယာလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လမိုင်းထားခြင်း၏ ကောင်းကျိုးများမှာ မြေပြုပြင်စရိတ်နှင့် မျိုးဖိုးသက်သာသည်။ သို့သော်လည်း အထွက်နှုန်း မကျရန် စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပေသည်။ ပုံမှန်စိုက်ပျိုးနေကျသီးနှံထက် စောစောရင့်သည်။ အစိုဓာတ်နှင့် မြေဆီဓာတ်ကြွင်းမှု နည်းပါးသည်။

**ရေသွင်းရေထုတ်**

ကြံသည် ရေအလွန်ကြိုက်သော သီးနှံဖြစ်သည်။ ကြံဖြတ်ပိုင်းမှ အတက်ထွက်ချိန်၊ ကြီးထွားမှုအတွက် အားယူရချိန်၊ ကြံပင်ငယ်မှ ရင့်မှည့်ခြင်းအပြင် လမိုင်းထားခြင်းတို့ပါဝင်သော ကြံ၏ သက်တမ်းတစ်လျှောက်သည် ရေကို ပေါများစွာ အသုံးပြုရသည်။ ရေရှားပါးချိန်၊ ရေပြတ်လပ်သည့် အချိန်များတွင် အစက်ချရေပေးစနစ်ကဲ့သို့သော ရေအရင်းအမြစ်ကို ပိုမိုထိရောက်သော အသုံးချနည်းများဖြင့် စိုက်ပျိုးရန်လိုအပ်သည်။ စိုက်ပျိုးပြီး တစ်ရက်မှ ၃၅ ရက်အတွင်း အတက်မှအပင်ပေါက်နေချိန်တွင် ရေကို တစ်ပတ်ခြား တစ်ကြိမ်၊ ၃၆ ရက်မှ ရက် ၁၀၀ အတွင်းတွင် ဆယ်ရက်ခြားစီတစ်ကြိမ်၊ ရက် ၁၁၀ မှ ရက် ၂၇၀ အတွင်း တစ်ပတ်ခြားစီ တစ်ကြိမ်နှင့် ၂၇၁ ရက်မှ ရိတ်သိမ်းချိန်ထိတိုင်အောင် ၁၅ ရက်ခြားတစ်ကြိမ် ရေသွင်းရေထုတ် ပြုလုပ်ပေးရန်လိုအပ်သည်။ ရေသွင်းရေထုတ်ကြိမ်ရေသည် အပူပိုင်း စိုစွတ်ဒေသတွင် တစ်နှစ်ပတ်လုံး အကြိမ်ရေ ၃၅ ကြိမ်မှ အကြိမ် ၄၀၊ နွေးသမပိုင်း စိုစွတ်ဒေသတွင် ရှစ်ကြိမ်မှ ၁၀ ကြိမ် ပျမ်းမျှလိုအပ်သည်။

**တိရစ္ဆာန် စွန့်ပစ်ပစ္စည်းနှင့်မြေဆီသြဇာ ထည့်သွင်းခြင်း**

ကြံစိုက်ပျိုးမြေတစ်ဧကအတွက် မြေဆွေး ၂၅ အိတ်နှင့်အိတ် ၃၀ ကြား (တစ်တင်းခွဲအိတ်)ထည့်ရမည်။ ဓာတ်မြေသြဇာသုံးမျိုးကို အချိုးကျထည့်ပေးရမည်။ တစ်ဧကလျှင် ပုလဲ ၅၀ ကီလိုအိတ်ကြီး နှစ်လုံး၊ တီစူပါ အိတ်ကြီးတစ်အိတ်နှင့် ပိုတက်အိတ်ကြီး တစ်အိတ်နှုန်း ထည့်သွင်းရမည်။ ကြံပင်ငယ်စဉ်မှ အပင်ပွားချိန်၊ ကြီးချိန်ထိ ပုလဲမြေသြဇာကို ဂရုတစိုက် ကျွေးရမည်။ မြေခံတွင် တီစူပါ (ဖော့စဖိတ်) ကျွေးရမည်။ တီစူပါသည် ကြံပင်၏ ပွားစည်းမှုနှင့် အမြစ်များ သန်မာစေရန်ဖြစ်ပြီး ပိုတက်မြေသြဇာသည် အစာချက်လုပ်မှုကောင်းစေရန်နှင့် အပင်ယိုင်လဲမှုမဖြစ်စေရန်၊ တောင့်တင်းသန်မာစေရန် အတွက်ဖြစ်သည်။

**ကြားပေါင်းလိုက်ခြင်းနှင့်သီးလှည့်စနစ်စိုက်ပျိုးခြင်း**

ကြံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ပေါင်းနှိမ်ခြင်းသည် ရေအမြဲတစေရှိနေသော မြေဖြစ်ပါက ပေါင်းအလွန်ပေါသည့်အပြင် ကြံပင်အတွက်ကျွေးသော မြေဆီကိုလည်း ပေါင်းပင်က စားသုံးခြင်းကြောင့် ပိုမိုကြီးထွား၍ နှိမ်နင်းရန်အလွန်ခက်သည်။ စိုက်ပျိုးပြီး တစ်လမှ တစ်လခွဲထိ ပေါက်ပြားဖြင့် လက်ပေါင်းလိုက်ခြင်းကို ဂရုတစိုက် ပြုလုပ်ပေးသင့်သည်။ မစိုက်ပျိုးမီ တူးဖိုးဒီကဲ့သို့သော ပေါင်းသတ်ဆေးများ သုံးနိုင်သည်။ ပေါင်းသတ်ဆေးအသုံးပြုခြင်းအပြင် ဘက်စုံပေါင်းနှိမ်ခြင်းနည်းစနစ်ကို သုံးသင့်သည်။ လက်ပေါင်းလိုက်ခြင်း၊ ကြားပေါင်းလိုက်စက်သုံးခြင်းအပြင် အခြားသက်တမ်းတိုပင်များ စိုက်ပျိုးခြင်းဖြင့် ပေါင်းကို နှိမ်နင်းနိုင်သည်။

**သီးလှည့်စနစ်**

သီးလှည့် စိုက်ပျိုးခြင်းသည် ပေါင်းနှိမ်နင်းရန်အတွက် အထောက်အကူပြုသော စနစ်ဖြစ်သည်။ စိုက်ပျိုးရေပေါများစွာ ရရှိနိုင်သောဒေသများ မိုးရေချိန်လက်မမြင့်သောဒေသများတွင် ကြံ၏ သီးလှည့်သီးနှံအဖြစ် စပါးကိုစိုက်ပျိုးကြသည်။ မိုးရေချိန်လက်မနိမ့်သောဒေသများတွင် ဝါကိုသီးလှည့်စိုက်နိုင်သည်။ ထို့ပြင် နနွင်း၊ ငှက်ပျော၊ မြေပဲ၊ ပဲပုပ်နှင့်အခြားပဲမျိုးတို့ကို သီးလှည့်သီးနှံအဖြစ် စိုက်ပျိုးနိုင်သည်။ အပိုဝင်ငွေရစေရန် အာလူး၊ ကြက်သွန်နီတို့ကိုလည်း စိုက်ပျိုးသည်။ ကြံကို အချိန်မီရိတ်သိမ်းခြင်းသည် သကြားဓာတ်အရည်အသွေးကို ထိန်းသိမ်းနိုင်သည်။ ရိတ်သိမ်းပြီးနောက် သကြားစက်ရုံ သို့မဟုတ် ဝယ်ယူသူထံ အမြန်ပို့ဆောင်နိုင်ပါက အရည်အသွေးကျဆင်းမှုကို လျှော့ချနိုင်သည်။

ထို့ကြောင့် ကြံစိုက်တောင်သူများအနေဖြင့် နိုင်ငံတော်၏ပံ့ပိုးမှုများ၊ နည်းပညာသစ်များကို အသုံးချပြီး စိုက်ပျိုးရေးပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ စနစ်တကျ စိုက်ပျိုးဆောင်ရွက်မည်ဆိုလျှင် ဝင်ငွေတိုးတက်လာကာ မိသားစုလူနေမှုဘဝနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးပြုနိုင်မည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **အစိမ်းရောင်လမ်း(နည်းပညာ၊ သတင်း)၊**
- **နေ့စဉ်ထုတ် မြဝတီသတင်းစာ၊**
- **ရတနာပုံသတင်းစာပါ သတင်းဆောင်းပါးများ။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပန်းမြိုင်လယ်မှဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က လာမည့်စက်တင်ဘာလဆန်းတွင် ထုတ်လွှင့်မည်




ရန်ကုန် ဩဂုတ် ၈

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က လာမည့်စက်တင်ဘာလဆန်းတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီး စည်သူလယ်တွင်းသား စောချစ်၏ ပန်းမြိုင်လယ်မှဥယျာဉ်မှူး ဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝင်းလွင်ထက်က Hein Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ရုံတင်ပြခဲ့ပြီးတော့ အောင်မြင်တဲ့ဇာတ်ကား တစ်ကားလဲ ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကိုပါ ဆွတ်ခူးရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလဲ ဖြစ်ပါတယ်။ ဝတ္ထုက ဆရာကြီး လယ်တွင်းသား စောချစ်ရဲ့ အရမ်းအောင်မြင်ပြီးသား အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုတွေ ရထားတဲ့အတွက် ဒီလိုဝတ္ထုကောင်းကိုပုံဖော်အသက်သွင်းရတာ အရမ်းတာဝန်ကြီးပါတယ်။ ဒီဇာတ်ကားမှာတော့ ဆရာကြီးရဲ့ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ဆိုတဲ့ဝတ္ထုကို ကျောရိုးယူရိုက်ထားပြီးတော့ ဆရာကြီးရဲ့အတ္ထုပ္ပတ္တိကိုလဲ ထည့်သွင်းထားတာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာဝင်းလွင်ထက်က ပြောပြသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ နက္ခတ်၊ ဘုန်းရှိန်ခန့်၊ အောင်ပိုင်၊ ပြုံးဟန်သာကို၊ ကေညီ၊ ဇော်မှိုင်း၊ ညီဂျော်၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ နှင်းယု၊ လွန်းခြယ်၊ စမ်းစမ်းဝင်း၊ ဝင်းမင်းသန်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြကြောင်း သိရသည်။

ASH

## Godstar ဟာသဒရာမာဇာတ်ကား၌ အိုလီဗီယာတေလာဒပ်ဘလေနှင့် ဖရန်ဆွာအာနော့တို့ပါဝင်ထား

နယူးယောက် ဩဂုတ် ၈

Godstar အမည်ရှိ ဟာသဒရာမာဇာတ်ကား၌ မင်းသမီး အိုလီဗီယာတေလာဒပ်ဘလေနှင့် မင်းသား ဖရန်ဆွာအာနော့တို့ ပါဝင် သရုပ်ဆောင်ထားကြောင်း ဩဂုတ် ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Godstar ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လော့စ်အိန်ဂျလိစ်မြို့တော်၌ပြုလုပ်ခဲ့ပြီး လက်ရှိအချိန်တွင် ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

Godstar ဇာတ်ကားသည် လမ်းခွဲထားသည့် ရုပ်ရှင်သရုပ်ဆောင်နှစ်ဦး ပြဇာတ်တစ်ပုဒ် ရိုက်ကူးရေးအတွက် ပြန်လည်ဆုံစည်းခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Godstar ဇာတ်ကားကို ဒါရိုက်တာ အော်ရန်ရှိုင်းက တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Godstar ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးပေ။

Godstar ဇာတ်ကားတွင် မင်းသား ဂျိမ်းစ်အာဘင်ညက် မင်းသမီး ဘလူးဟန့်နှင့်တို့လည်း ပါဝင် သရုပ်ဆောင်ထားသည်။

Ref : Russia Today

Trs : KKO



## တေးသံရှင် ပိုပို၏ Po Po Free Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ပြုလုပ်မည်

မန္တလေး ဩဂုတ် ၈




တေးသံရှင် ပိုပို၏ Po Po Free Show အမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဩဂုတ် ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ပိုပိုထံမှ သိရသည်။

တေးသံရှင် ပိုပို၏ Po Po Free Show အမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ပိုပို၏ သီဆိုဖျော်ဖြေမှုများကို The Square Theatre Bar ၏ ပင်တိုင်တေးဂီတအဖွဲ့ကလည်း အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်သည်။

“လာမဲ့ ဩဂုတ် ၂၂ ရက် The Square မှာ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို အခုလိုမိုးရာသီစိုစွတ်တဲ့ အအေးဓာတ်လေးနဲ့ အတူ အချစ်၊ အလွမ်း၊ အဆွေး သီချင်းတွေကို Live Performance အနေနဲ့ ခံစားရမဲ့အပြင် Free Show ဖြစ်တာမလို့ လက်မလွှတ်သင့်တဲ့ ဂီတဖျော်ဖြေပွဲလေးပဲဖြစ်ပါတယ်။ ဒီလိုခံစားချက်တွေနဲ့ ပြည့်နေမဲ့ ညလေးတစ်ညမှာ သီချင်းတစ်ပုဒ်ချင်းစီကို လိုက်ဆိုရင်း အမှတ်တရတွေ ဖန်တီးဖို့ ဩဂုတ် ၂၂ ရက် The Square Theater Barရဲ့ Po Po Free Show မှာ ဆုံကြမယ်နော်" ဟု တေးသံရှင် ပိုပိုက ပြောပြသည်။

တေးသံရှင် ပိုပို၏ Po Po Free Show အမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

## The Housemaid's Secret ၌ မင်းသမီး ဘရစ်တနီစနိုး ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၈

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Housemaid နောက်ဆက်တွဲ ဇာတ်ကားသစ်တွင် မင်းသမီး ဘရစ်တနီစနိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

The Housemaid နောက်ဆက်တွဲ ဇာတ်ကားသစ်တွင် ဘရစ်တနီစနိုးသည် မင်းသမီး ဆတ်ဒနီသွင်းနေး၊ကားစနစ်ဒန့်၊ မင်းသား ပေါလ်အန်တိုနီကယ်လီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို စာရေးဆရာမ ဖရိုင်ဒါမက်ဖတ်ဒန်း၏ ဒုတိယမြောက် The Housemaid ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို The Housemaid's Secret ဟူ၍ Lionsgate ရုပ်ရှင်ကုမ္ပဏီက အမည်ပေးထားသည်။

The Housemaid's Secret ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ဖိတ်ချ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Housemaid's Secret ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## Cloud Seven Productions & Entertainment က ရိုက်ကူးထုတ်လုပ်မည့် မျှော်လင့်ချက်ရောင်ခြည်ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

Cloud Seven Productions & Entertainment က ရိုက်ကူးထုတ်လုပ်မည့် မျှော်လင့်ချက်ရောင်ခြည် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျှော်လင့်ချက် ရောင်ခြည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို LY ကရေးသားထားပြီး ဒါရိုက်တာ ခင်ဆည်းဆာက Cloud Seven Productions & Entertainment အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"မျှော်လင့်ချက် ရောင်ခြည် ဇာတ်လမ်းတွဲကတော့ အပိုင်းတိုဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ အိပ်မက်ကိုယ်စီရှိကြတဲ့ လူငယ်လေးတွေ ရည်မှန်းချက်ပန်းတိုင်ထိ ရောက်အောင် ကြိုးစားကြပုံနဲ့ ကြည်နူးစရာအချစ်ဒရာမာ ဇာတ်လမ်းတွဲလေးကို စောင့်မျှော်အားပေး ကြပါအုံး"ဟု ဒါရိုက်တာ ခင်ဆည်းဆာက ပြောပြသည်။

Cloud Seven Productions & Entertainment က ရိုက်ကူးထုတ်လုပ်မည့် မျှော်လင့်ချက် ရောင်ခြည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် Cloud Seven ၏ အနုပညာရှင်များဖြစ်ကြသည့် Rian၊ ရဲရင့်၊ ဘုန်းထက်အောင်၊ ဒေင်မောင်၊ မြယွန်း၊ သော်တာလှိုင်ထွန်း၊ ရွှေအင်ကြင်း၊ ပြည့်သက်နှင့် အခြားအနုပညာရှင်များစွာတို့က ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# President U Min Aung Hlaing gives guidance at a meeting on rescue, relief and rehabilitation efforts concerning the flooding caused by the lowering of the Ngawun River embankment in Laymyethna Township, Ayeyawady Region



**President U Min Aung Hlaing addresses the meeting on rescue, relief and rehabilitation efforts concerning the flooding caused by the lowering of the Ngawun River embankment in Laymyethna Township.**

**Nay Pyi Taw August 8**

Heavy rainfall caused a breach in the sandbar beneath the Ngawun River embankment in Laymyethna Township, Ayeyawady Region, allowing water to flow through and resulting in a section of the embankment being lowered. As flooding occurred in wards in urban areas and surrounding villages of Laymyethna Township, and villages in Hinthada, Yekyi and Kyangin townships, intensive rescue and relief operations are being carried out.

A meeting to operate rescue, relief and rehabilitation against the overflow of Ngawun River due to flow of water over the lowered embankment took place at the Ayeyawady Region government office in Pathein this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who gave necessary guidance.

Also present at the meeting were Commander-in-Chief of Defence Services General Ye Win Oo, Union Ministers U Khin Maung Yi, U Mya Tun Oo, Dr Thet Khaing Win, U Min Naung, U Myo Thant and Dr Soe Win, Ayeyawady Region Chief Minister U Aye Kyaw, senior military officers from the Office of the Commander-in-Chief, the commander of South-West Command, deputy ministers, and officials from the regional government.

**Presenting reports on occurrences of floods, operating rescue and relief, maintaining the embankment and carrying out rehabilitation measures**

The Ayeyawady Region Chief Minister reported to the President on the overflow of water due to lowering the embankment of Ngawun River and causing flooding, facts about the embankment, erosion at milepost 25/3 of the Ngawun embankment in Laymyethna Township, muddy measures, inundation in residential aeas and basic education schools, evacuation of people to the safer places since occurrence of flooding, supply of food and healthcare services to the people, intensifying prevention of bank erosion, continuous rescue and relief measures for the flood-hit people, distribution of fuel for vehicles from charity organizations leading to the relief camps, plans formulated in advance to evacuate people from the villages in Kyonpyaw Township facing likelihood of flooding, efforts to reopen schools after carrying out sanitation in the water receded areas, recession of water, inflow of seawater to the rivers in Ayeyawady Region, situation of flowing seawater, and prevention of inflowing seawater.

Union Ministers U Min Naung, Dr Thet Khiang Win, U Mya Tun Oo, U Myo Thant and Dr Soe Win and officials reported on the intensive measures being undertaken since 31 July, when the embankment breach first occurred, in cooperation with the Ayeyawady Region Government, relevant Union ministries and departments, local residents and volunteer workers. These measures include installing supports and bamboo fencing, placing geobags and sandbags above the water-inlet channel using crane vessels, filling and filling sand using steel-hulled CB barges to control and prevent water ingress, and blocking both sides of the breached embankment with sandbags. They also reported on activities of mobile medical teams providing timely healthcare services for the people in flood-affected areas, measures to ensure access to safe drinking water and hygienically prepared food, and adequate supplies of necessary medicines and medical equipment, storage of quality paddy seeds to be replanted in the necessary farmlands after inspecting the flooded farmlands, carrying out necessary measures, preparation of machiney for resuming the agricultural tasks, proper plans for farmers to make preparations for regrowing crops in time when water recedes, participation of personnel from relevant ministries in repairing the embankments, restoration fo transport services including maintenance of railways.

**Giving additional guidance**

In response to the reports, the President asked questions about the construction, repair and maintenance of the original riverside embankment and the Ngawun embankment (the breached section), previous flooding in Ayeyawady Region caused by embankment breaches, the extent of damage caused by the current flooding, and the assistance being provided to flood-affected people. Speaking on the occasion, the President stressed the need to ensure that people in the flooded areas have adequate access to personal healthcare and clean drinking water. If flooded and damaged paddy fields are to be replanted, sufficient irrigation water should be ensured. If there are difficulties in replanting paddy within the appropriate cultivation period, other crops should be grown instead. The necessary machinery should be moved to the affected areas in advance to enable timely cultivation, and that the required fuel should likewise be stockpiled beforehand. Regarding the temporary rehabilitation of the lowered and damaged section of the embankment, the President stressed the need for all concerned to consult, coordinate and cooperate closely so that the work can be completed as quickly as possible. Prolonged flooding would cause greater impacts on people's livelihoods and agricultural activities. Therefore, systematic drainage channels should be arranged to ensure that the floodwaters that have overflowed into the affected areas recede as quickly as possible. The relevant authorities should conduct necessary field inspections, surveys and measurements in advance to prevent further incidents of embankment subsidence during the current monsoon season.

**Preventing natural disasters and efficiently utilizing geographically provided resources**

Following this, the President delivered remarks, noting that flooding had occurred recently due to the erosion and lowering of the Ngawun River embankment, which led to water overflowing. He stated that while humans cannot avoid natural disasters entirely, human actions can help prevent and mitigate them to a certain extent. Should a natural disaster inevitably occur, it is essential to understand how to execute relief and rehabilitation efforts step-by-step. He explained that his current visit was aimed at inspecting and learning how to overcome the ongoing natural disaster. He emphasized that natural disaster damage caused by flooding can be prevented and minimized through continuous research, recording, and analysis of water flow, inflow, and outflow, as well as the bed levels of all rivers, tributaries, and creeks, along with performing necessary navigational maintenance and dredging operations. Therefore, officials responsible for irrigation and water resources conservation need to systematically, continuously, and innovatively monitor and assess these factors nationwide.

Systematic research must be conducted to prevent saltwater intrusion in the Ayeyawady Delta region and to ensure that all water flowing from upstream moves along natural watercourses without entering residential areas. By monitoring, maintaining, and repairing riverbed levels, saltwater intrusion can be reduced to a certain degree, as saltwater intrusion damages agricultural activities. Consequently, constructing saltwater control embankments and building low-head dams in rivers and creeks can also help reduce saltwater intrusion. These measures should be implemented in stages based on land elevation. Although financial costs may be high, the work should be calculated and executed systematically considering the long-term benefits to be gained.

*See Page 14*

# Well-wishers present cash donations for rescue, relief and rehabilitation at the flood-hit areas in Laymyethna Township, Hinthada District, Ayeyawady Region



President U Min Aung Hlaing delivers a speech at the cash donation ceremony for rescue, relief and rehabilitation at the flood-hit areas in Laymyethna Township.

**Nay Pyi Taw August 8**

Well-wishers presented cash donations for rescue, relief and rehabilitation at the flood-hit areas in Laymyethna Township, Hinthada District, Ayeyawady Region, at a ceremony held at Pathein town hall this afternoon, attended by President of the Republic of the Union of Myanmar U Min Aung Hlaing, who accepted the donations.

Also present were Commander-in-Chief of Defence Services General Ye Win Oo, union ministers, U Khin Maung Yi, U Mya Tun Oo, Dr Thet Khaing Win, U Min Naung, U Myo Thant, Dr Soe Win, Ayeyawady Region Chief Minister U Aye Kyaw, senior military officers from Office of the Commander-in-Chief, the South-West Command commander, deputy ministers and officials, officials of Region government, well-wishers, region-level departmental personnel, social organizations and town elders.

The President and attendees watched a video clip "Let's overcome the natural disasters with collective efforts" on the flood disaster, search, rescue operations and aid distribution.

In his speech, the President said that it is an auspicious ceremony in which well-wishers donated financial and material aids for the victims of floods caused by heavy rains in Laymyethna Township, Hinthada District, Ayeyawady Region.

Due to water rushing and passing through a sand boil via the sand vein of the oxbow lake beneath the Ngawun Dam in Laymyethna Township, which was triggered by downpours on 30th night, July 2026, the embankment subsided and water overflowed, submerging five urban wards, and 138 villages. Seventeen relief camps have been opened so far for over 39,000 flood victims.

Since the time the disaster hit, officials of Ayeyawady Region government and relevant union ministries, local people, volunteers have been collectively erecting emergency flood barriers, bamboo walls, laying geobags, laying sand bags with cranes at the upper reaches of water intake, laying sand as an embankment by steel CBs to control the water inflow, blocking the both sides of setback levee with sand bags, with energetic efforts. In the coming days, three wooden/steel motor schooners loaded with sand will be sunk to block water flow and more sand bags will be laid on the sunken boats. Arrangements are underway to control the setback levee during the monsoon when the river recedes. Earth filling must be carried out to reinforce the setback levee. Curve shape steel sheet piling is in progress at the 12 overtopped areas of the setback levee, with a length of about 890 feet.



President U Min Aung Hlaing accepts cash from a donor.



President U Min Aung Hlaing accepts cash from a donor.

The government is swiftly conducting field surveys at the inundated areas and carrying out relief and rescue undertakings in time. The Ayeyawady Region government has been accelerating its search and rescue operations, conducting safe resettling, food provision and healthcare programs, and protecting bank erosion since the disaster broke out.

From the time it started assuming the duties, the government is implementing the policy -- Let us encourage production for prosperity of the Nation. Time ana again, the President has warned the country to be aware of the fact that natural disasters can harm the national development undertakings. But the natural disasters will remain because of the climate change and environmental deterioration, the world including is facing. In order to lessen the damages to the most possible degree, inclusive efforts must be made to reach the level of having total resilience against disasters, the main goal of the global countries including Myanmar. Possible future disasters and long-term durability must also be taken into account in carrying out rehabilitation activities in accord with the set standard.

The current disaster must be overcome through collective efforts of the government, ministries, organizations, social welfare associations, well-wishers and the public.

Normally, the mindset that giving does not diminish, and sharing does not deplete is always strong in the hearts of Myanmar people. The willingness to share their wealth, although it may be small, is a laudable spirit of Myanmar people. On behalf of the government and the flood victims, he thanked the well-wishers who donated over Ks 23.324 billion at the ceremony.

It can be seen that the people of Myanmar across the country collectively donate cash and kind to victims in one accord whenever the country faces natural disasters and donation becomes a force that raises the value of loving kindness rather than that of the things donated and warmly strengthens the society.

I would like to express thanks to well-wishers, donors, organizations and individuals that enthusiastically donated for and supported the response to the current floods as well as rehabilitation and reconstruction tasks for their cooperation. I am expressing thanks on behalf of the State and flood victims and their generosity will be documented respectfully.

Moreover, the President made additional remarks, saying I visited flood-affected areas in Lemyethna township by helicopter before attending the ceremony but was forced to learn the situation on the ground in Kangyidaunt, Ngapudaw and Thabaung townships by helicopter due to unfavorable weather conditions. In connection with natural disasters, damage and losses of life can be reduced by preparations of humans. Previously, Ayeyarwady region suffered damage and losses of life due to floods and storms. To prevent the affects of natural disasters, preparation tasks must be carried out by systematically monitoring and

*See Page 14*

*From Page 12*

Regarding the Pathein River, large ships were able to enter and dock in the past. However, due to the rise in riverbed levels, fewer large ships can enter today. Products from the Ayeyawady Region can be transported by large vessels via the Pathein River route, and similarly, items required for the country can be processed through the Port of Pathein. Therefore, efforts should be made to develop it as the nation's second port city.

He added that if our country can efficiently utilize the land and water provided by nature, substantial benefits will be achieved. Efforts must be made to use valuable freshwater productively and to prevent saltwater from entering agricultural lands. Rivers can be used for transportation, and agricultural activities can succeed through river water-pumping projects. In securing the freshwater needed for agriculture, systematic measures must be taken to prevent saltwater from intruding into rivers and creeks. To obtain freshwater during the summer season, solar-powered electric river water-pumping operations can be implemented.

In carrying out these tasks, some aspects can be implemented by the Union Government, while others can be handled by the Region Government or collectively by farmers through a cooperative system. The Ayeyawady Region stands at the top among the six regions with high GDP in our country. Therefore, efforts should be made to boost GDP and advance local economic development by utilizing the favourable soil and water conditions already present in the region.

Regarding human resource needs, the Ayeyawady Region already has a sufficient number of educated human resources, so efforts must be made to enhance their quality. Developed countries around the world are those rich in educated citizens. Therefore, everyone must collaborate to cultivate educated people and support education. Looking back at education records over the past decades reveals weaknesses in the country's education sector. Thus, the government is implementing a compulsory education system up to KG+9 to raise the nation's education standards. Once the middle school level is fully implemented nationwide, efforts will continue to upgrade to the high school level. Because the Ayeyawady Region possesses good soil and water conditions, it is imperative to produce educated human resources to utilize these assets. Doing so will enable it to become one of the top regions in the country. While the State is providing support from all sides, local residents must also work hard to develop their region.

In working together to develop the nation and efficiently utilize resources provided by local geography, standard thinking is insufficient; people must think broadly and consider all angles. In doing so, he urged that rather than relying solely on policies and drives set at the Union level, local officials should work with goodwill using available methods to promote local development and act in the best interests of both the region and the country.

Afterward, the President, accompanied by his entourage, conducted an aerial inspection of Kangyidaunt, Ngapudaw, and Thabaung Townships in the Ayeyawady Region by helicopter and gave necessary directives to responsible officials. MNA

*From Page 13*

analyzing the situation. Well-wishers who have come to donate are not only from Ayeyarwady region but also from other regions. Farmland was developed in flooded fields and areas. It is necessary to control the inflow of water by building embankments where they should be in place and tasks must be carried out for proper drainage to reduce floods in the future.

It can proudly be seen that Myanmar nationals have willingness to donate and help to their own extent and they will surely be able to enjoy the outcome of their donation and generosity. As they are doing so out of their noble enthusiasm, they will surely be able to merit of good deeds. As donors today are offering their help out of willingness to do so, it is a meritorious deed and in Buddhis, it is a meritorious deed that deserves good consequences.

In the aftermath of natural disasters, rehabilitation tasks must be carried out and we are still implementing rehabilitation tasks after the Mandalay earthquake. Rehabilitation tasks must be carried out for damage to urban and rural infrastructure. Most of the donors are business entrepreneurs and they are urged to serve the interests of their own and of the State in one way or another by further exerting efforts. As the government has been exerting efforts for stability of the country, the people are required to make concerted efforts for economic development of the country.

Then, the President accepted the cash donations of families of the Tatmadaw (Army, Navy and Air) , states and regions, well-wishers, donors and organizations and presented certificates of honor to them.

Afterward, well-wishers, donors, and organizations presented cash donations to Commander-in-Chief of Defence Services General Ye Win Oo and union ministers U Khin Maung Yi, U Mya Tun Oo, Dr Thet Khing Win, U Min Naung, U Myo Thant and Dr Soe Win, who presented certificates of honor to them.

At today's cash donation ceremony held in the city hall in Pathein for relief and rehabilitation of flood-hit areas in Lemyethna township in Hinthada district in Ayeyarwady region, well-wishers donated more than MMK 23.324 billion.

MNA

# More than 10,000 acres of croplands placed under pigeon pea in Kyunhla Township



A pigeon pea plantation in Kyunhla Township.

**Kyunhla August 8**

Kyunhla Township Agriculture Department stated that local farmers planted 11,512 acres of pigeon pea as monsoon crops in Kyunhla Township of Sagaing Region this year.

Local farmers planted 11,512 acres of pigeon pea in 2026-27 monsoon cultivation season from May to date against the target of 11,540 acres of crops earmarked by local authorities.

"During this year's monsoon crop cultivation season, 11,540 acres of pigeon pea were planned for cultivation in Kyunhla Township, and 11,512 acres have already been planted. We are making efforts to ensure that the cultivation target is fully met. We are also providing assistance to ensure good yields of pigeon pea. Farmers grow pigeon pea both as a standalone crop and as an intercropped or relay crop," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

It is reported that this year, the Kyunhla Township Agriculture Department is conducting field-based awareness activities for pigeon pea farmers on selecting and using quality and pure seeds, following proper cultivation methods, preventing pest infestations, and achieving good yields.

The Township Agriculture Department in Kyunhla Township is also disseminating techniques for using a combination of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. It is reported that the use of urea and borax can reduce cultivation costs, help protect plants from pest infestations, and promote healthy plant growth. 206

# U.S. economy sheds 23,000 jobs in July as labor market weakens

**Washington August 8**

The U.S. economy unexpectedly shed jobs in July, according to data released Friday by the Bureau of Labor Statistics.

Nonfarm payrolls dropped month-on-month by a seasonally adjusted 23,000, compared with a downwardly revised 20,000 in the prior month. The figure was well below economists' expectations for an increase of 83,000.

The jobless rate declined to 4.1 percent while the labor force participation rate dropped to 61.4 percent -- a five-year low. The labor force participation rate measures the percentage of the population that is either working or actively looking for a job.

The employment slide was driven by a loss of 50,000 jobs in local government education and a reduction of 19,000 retail positions. Financial activities also saw a drop of 14,000, and leisure and hospitality declined by 40,000.

Healthcare, a sector that has been pushing job creation, continued to rise, this time by 22,000, while the figure stands below the sector's 12-month average of 36,000. Xinhua


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ် Agni-4 တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့




အိန္ဒိယနိုင်ငံသည် အိုဒီရှားပြည်နယ် ချန်ဒီပူရ် ပေါင်းစပ်စမ်းသပ်ရေးစခန်းက ပြည်တွင်းထုတ် Agni-4 တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့သည်ဟု Sarkaritel သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မဟာဗျူဟာမြောက်တပ်ဖွဲ့များ ကွပ်ကဲမှုဌာနချုပ်(SFC)၏ စီမံမှုဖြင့် ပြုလုပ်ခဲ့သော အဆိုပါစမ်းသပ်မှုတွင် စစ်ဆင်ရေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို အတည်ပြုနိုင်ခဲ့သဖြင့် အိန္ဒိယ၏ မဟာဗျူဟာမြောက်ဟန့်တားနိုင်စွမ်းနှင့် ပြည်တွင်းဖြစ်ဒုံးကျည်စွမ်းရည်များကို ပိုမိုခိုင်မာစေခဲ့သည်။

အိန္ဒိယနိုင်ငံသည် အိုဒီရှားပြည်နယ် ချန်ဒီပူရ် ပေါင်းစပ်စမ်းသပ်ရေးစခန်းမှ Agni-4 တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံ၏ မဟာဗျူဟာမြောက် ကာကွယ်ရေးစွမ်းရည်အတွက် အခြေခံအရေးပါသောမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါပစ်ခတ်မှုကို မဟာဗျူဟာမြောက်တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ်(SFC)အောက်မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လျာထားသောစစ်ဆင်ရေးရည်မှန်းချက်များအားလုံးကို အောင်မြင်ခဲ့ကြောင်း သိရသည်။

ယခုအောင်မြင်သောစမ်းသပ်မှုသည် ဒုံးကျည်၏စစ်ဆင်ရေးအသင့်ဖြစ်မှု၊ နည်းပညာဆိုင်ရာစွမ်းဆောင်ရည်နှင့် စနစ်၏ စိတ်ချယုံကြည်ရမှုတို့ကို အတည်ပြုနိုင်ခဲ့သည်။

Agni-4 တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်သည် အိန္ဒိယ၏ ပြည်တွင်းဖြစ် ဒုံးကျည်အစီအစဉ်အောက်မှ တီထွင်ထုတ်လုပ်ထားသော နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သည့် မြေပြင်မှမြေပြင်ပစ် အလတ်စားပဲ့ထိန်းဒုံးကျည်ဖြစ်သည်။ စမ်းသပ်မှုတွင် စစ်ဆင်ရေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများအားလုံးသည် မျှော်မှန်းထားသည့်အတိုင်း စွမ်းဆောင်နိုင်ခဲ့ကြောင်း ကာကွယ်ရေးတာဝန်ရှိသူများက ပြောကြားခဲ့ပြီး စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေများအတွင်း ဒုံးကျည်၏ ထိရောက်မှုကို သက်သေပြနိုင်ခဲ့ကြောင်း သိရသည်။

မဟာဗျူဟာမြောက်တပ်ဖွဲ့များ ကွပ်ကဲမှုဌာနချုပ်သည် စိတ်ချယုံကြည်ရသော အနိမ့်ဆုံးဟန့်တားနိုင်စွမ်းမူဝါဒ၏အစိတ်အပိုင်းအဖြစ် မဟာဗျူဟာမြောက်ဒုံးကျည်စနစ်များ အသင့်ဖြစ်မှုကိုသေချာစေရန် ယခုကဲ့သို့ အသုံးပြုသူအဆင့်စမ်းသပ်မှုများကို ပုံမှန်ပြုလုပ်လေ့ရှိသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သောနှစ်များအတွင်း အောင်မြင်သောစမ်းသပ်မှုအမြောက်အမြား ပြုလုပ်ခဲ့ခြင်းဖြင့် ပြည်တွင်းထုတ်ဒုံးကျည်စွမ်းရည်များကို အရှိန်အဟုန်မပြတ် တိုးမြှင့်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးရေးအဖွဲ့(DRDO)နှင့် မဟာဗျူဟာမြောက်တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ်တို့သည် အဆင့်မြင့်လမ်းညွှန်မှုနှင့် တွန်းအားပေးစနစ်နည်းပညာများ ပါဝင်သော မျိုးဆက်သစ်ပဲ့ထိန်းဒုံးကျည် Agni-Prime ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်ပြုလုပ်ခဲ့သော နောက်ထပ်စမ်းသပ်မှုတစ်ခုကလည်း ဒုံးကျည်၏ စစ်ဆင်ရေး စွမ်းဆောင်ရည်များကို အတည်ပြုပေးနိုင်ခဲ့သဖြင့် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ဒုံးကျည်အစီအစဉ် အသားကျဖြစ်မှုကို မီးမောင်းထိုးပြနိုင်ခဲ့သည်။

ယခုပြုလုပ်သည့် Agni-4 တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်ပစ်ခတ်မှုသည် ၂၀၂၆ ခုနှစ် ဇွန်လက အိုဒီရှားကမ်းလွန်ရှိ ဒေါက်တာ အေပီဂျေအဗ္ဗဒူကလမ်ကျွန်းမှ DRDO က ပြုလုပ်ခဲ့သော (LRLACM) တာဝေးပစ် မြေပြင်တိုက်ခိုက်ရေးခရုဇ် ဒုံးကျည်၏ အောင်မြင်သောစမ်းသပ်ပျံသန်းမှုအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါခရုဇ်ဒုံးကျည်သည်လည်း စစ်ဆင်ရေးရည်မှန်းချက်များအားလုံးကို အောင်မြင်စွာပြည့်မီခဲ့ပြီး အရေးပါသောနည်းစနစ်များကို အတည်ပြုနိုင်ခဲ့ကာ အိန္ဒိယ၏ တိကျသောတာဝေးပစ်တိုက်ခိုက်နိုင်စွမ်းကို ပြသခဲ့သည်။

အဆိုပါ အောင်မြင်သောစမ်းသပ်မှုများသည် ကာကွယ်ရေးနည်းပညာတွင် ကိုယ်တိုင် အားကိုးအားထားပြုနိုင်ရေး၊ မဟာဗျူဟာမြောက်တပ်ဖွဲ့များကို ခေတ်မီဆန်းသစ်ရေးနှင့် အဆင့်မြင့်ပြည်တွင်းဖြစ်လက်နက်စနစ်များမှတစ်ဆင့် အမျိုးသားလုံခြုံရေးတိုးမြှင့်ရေးတို့အတွက် အိန္ဒိယ၏ အစဉ်တစိုက်အလေးပေးဆောင်ရွက်မှုကိုပေါ်လွင်စေသည်။

ယခုအောင်မြင်ခဲ့သော Agni-4 တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုသည် အိန္ဒိယ၏ မဟာဗျူဟာမြောက်ကာကွယ်ရေးပြင်ဆင်ထားရှိမှုကို ပိုမိုခိုင်မာစေပြီး အမျိုးသားလုံခြုံရေးအတွက် စိတ်ချယုံကြည်ရသော ပြည်တွင်းထုတ်ဒုံးကျည်စနစ်များ တီထွင်ထုတ်လုပ်ရေးတိုးတက်မှုများကို ပြသနေကြောင်း သိရသည်။

**India Successfully Test Fires Agni-4 Ballistic Missile** ကို ဘာသာပြန်ဆိုထားပါသည်။

# ဗီယက်နမ်နိုင်ငံက ရုရှားနိုင်ငံထုတ် Yak-130M အပေါ့စားတိုက်လေယာဉ် ၁၈ စင်းဝယ်ယူရန် စာချုပ်ချုပ်ဆို

ဗီယက်နမ်နိုင်ငံသည် ရုရှားနိုင်ငံထုတ် Yak-130M အပေါ့စားတိုက်လေယာဉ် ၁၈ စင်းကိုဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက်ကြောင့် ဗီယက်နမ်သည် Yak-130M အပေါ့စားတိုက်လေယာဉ်၏ ပထမဆုံး ပြည်ပဝယ်ယူသုံးစွဲသည့်နိုင်ငံ ဖြစ်လာကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Yak-130M အပေါ့စားတိုက်လေယာဉ်သည် ၂၀၂၆ ခုနှစ် ဇွန် ၂၅ ရက်တွင် ပထမဆုံးစမ်းသပ်ပျံသန်းမှု အောင်မြင်ခဲ့ပြီးနောက် ပြည်ပသို့တင်ပို့မည့် လေယာဉ်အမျိုးအစားလည်းဖြစ်သည်။

Yak-130M ဗားရှင်းတွင် မူလ Yak-130 နှင့်နှိုင်းယှဉ်ပါက စက်ပစ္စည်းများ၏ ထက်ဝက်ကျော်ကို အဆင့်မြှင့်တင်ထားပြီး BRLS-130R AESA ရေဒါ၊ SOLT-130K လျှပ်စစ်-အမြင်အာရုံပစ်မှတ်ရှာဖွေရေးစနစ်၊ President-S130 ကိုယ်ပိုင်ကာကွယ်ရေးစနစ်နှင့် KSS-130 ဆက်သွယ်ရေးစနစ်တို့ကို ထည့်သွင်းတပ်ဆင်ထားသည်။ ထို့ပြင် R-77-1 တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်နှင့် R-74M အနီးကပ်တိုက်ခိုက်ရေးဒုံးကျည်များကိုလည်းအသုံးပြုခဲ့သည်။

အဆိုပါ အပေါ့စားတိုက်လေယာဉ်သည် ပြင်ပလက်နက်တပ်ဆင်နိုင်သည့် Hard Points ကိုးခုပါရှိပြီး Payload အလေးချိန် ကီလိုဂရမ် ၂၅၀၀ ထိ သယ်ဆောင်နိုင်သည်။ ဒရုန်းတားဆီးရေး၊ လေကြောင်းကင်းလှည့်ရေး၊ အနီးကပ်လေကြောင်းပစ်ကူပေးရေး၊ ကင်းထောက်ရေးနှင့် ကမ်းရိုးတန်းလုံခြုံရေး စသည့် တာဝန်များကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

Yak-130M ဗားရှင်း၏ အဓိကတာဝန်သစ်တစ်ရပ်မှာ အရွယ်အစားကြီးမားသော မောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်ဖျက်ဆီးခြင်းဖြစ်သည်။ မြေပြင်ရေဒါမှ ပစ်မှတ်အချက်အလက်များကို ရယူပြီး လေယာဉ်၏ AESA ရေဒါနှင့် လျှပ်စစ်-အမြင်အာရုံစနစ်များဖြင့် အတည်ပြုကာ R-77-1 သို့မဟုတ် R-74M ဒုံးကျည်များဖြင့်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Yak-130M အပေါ့စားတိုက်လေယာဉ်၏အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၅၀ မှ ကီလိုမီတာ ၉၆၀ ဖြစ်ပြီး ပျံသန်းအမြင့် မီတာ ၁၂၅၀၀ ထိ ပျံသန်းနိုင်သည်။ ပုံမှန်ပျံသန်းအကွာအဝေး ကီလိုမီတာ ၁၆၀၀ နှင့် ပြင်ပလောင်စာဆီကန်များ အသုံးပြုပါက ၂၂၆၅ ကီလိုမီတာထိ ပျံသန်းနိုင်သည်။




စစ်ဘက်လေ့လာသုံးသပ်သူများက Yak-130M အပေါ့စားတိုက်လေယာဉ်သည် Su-30 တိုက်လေယာဉ်ကဲ့သို့ ရှေ့တန်းကျကျ တိုက်လေယာဉ်များကို အစားထိုးမည့်လေယာဉ်မဟုတ်ဘဲ ဒရုန်းတားဆီးရေး လေကြောင်းကင်းလှည့်ရေးနှင့် အပေါ့စားတိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်ပေးခြင်းဖြင့် Su-30 တိုက်လေယာဉ်များ၏ စစ်ဆင်ရေးဝန်ကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သုံးသပ်ထားသည်။ ထို့ကြောင့် ယခုဝယ်ယူမှုသည် ဗီယက်နမ်လေတပ်၏ တိုက်ခိုက်ရေးစွမ်းအားထက် တပ်ဖွဲ့စည်းပုံအင်အားနှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို ပိုမိုတိုးမြှင့်ပေးမည့်အစီအစဉ်တစ်ရပ်အဖြစ် စစ်ဘက်သုံးသပ်သူများက ရှုမြင်လျက်ရှိကြောင်း သိရသည်။

**Vietnam to purchase 18 Yak-130M light attack aircraft from Russia as revealed by Irkutsk CEO.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

မြို့မိမြို့ဖများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝဘေးအန္တရာယ်ကို စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ကြမယ်"** Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားသည် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းကြသည့် မင်္ဂလာရှိသောအခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှတစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စု ကိုးထောင်ကျော်၊ လူဦးရေ သုံးသောင်းကိုးထောင်ကျော် ရေဘေးသင့်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားသည့်အခြေအနေဖြစ်ပါကြောင်း။

ကျိုးပေါက်မှုဖြစ်စဉ်စတင်ခဲ့သည့် ဇူလိုင် ၃၁ ရက်မှစပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး ထုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်းစသည်တို့ကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်ရက်များတွင်လည်း သစ်သား၊ သံကိုယ်ထည်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် လှူလှူချင်မလျှော့၊ မျှလျှင်မကုန်ဟူသော စိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်၊ မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများကို မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ်ဓလေ့တစ်ခုဖြစ်၊ ယနေ့ အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများက ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင် . . .**

စက်လှေသုံးစီးကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်းတားဆီးခြင်း၊ မြှုပ်ထားသည့်စက်လှေများပေါ်ကိုသဲအိတ်ကြီးများထပ်ဖြည့်ချခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေရေးပန်းတာ၏ရေကျော်ဝင်ရောက်နေသည့်နေရာတွင် ၁၂ မီတာ အရှည်ရှိသည့် Steel Sheet Pile များကို အလျားပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်ခံစားရသည့်ဒေသများကို အလျင်အမြန်ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှုစတင်ဖြစ်ပွားချိန်ကတည်းက ဘေးသင့်သူများကို ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မိမိတို့ အစိုးရတာဝန်ယူစဉ်အချိန်ကပင် စီးပွားရေးကဏ္ဍနှင့် ပတ်သက်လာပါက **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** ဟူသည့်မူဝါဒကို ချမှတ်လုပ်ဆောင်နေကြောင်း၊ **နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ရန်လုပ်ဆောင်ရာတွင် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည်ဆိုသည်ကို အမြဲသတိပြုရန် မိမိအနေဖြင့်မကြာခဏအသိပေးမှာကြားထားပြီးဖြစ်ကြောင်း၊** သို့သော်လည်း မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုအစရှိသည့်အမျိုးမျိုးသော အကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများလျော့နည်းသည်ထက်လျော့နည်းစေရေး နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားထိရောက်အောင် မိမိတို့အားလုံးအတူတကွဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရေဘေးကို အစိုးရ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ပြည်သူများအတူ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် **လှူလှူချင်မလျှော့၊ မျှလျှင်မကုန်**ဟူသော စိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြပါကြောင်း၊ မိမိတို့တွင် အနည်းငယ်သာရှိနေ

စေကာမူ လိုအပ်နေသူများကို မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ် ဓလေ့တစ်ခုဖြစ်ပါကြောင်း၊ ယနေ့အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများက ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတိုင်း မြန်မာပြည်အနှံ့မှပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်းကူညီကြသည်ကိုလည်း မြင်တွေ့ရပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့်အင်အားတစ်ရပ်ဖြစ်လာစေပါကြောင်း။

ယခုရင်ဆိုင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှု တုံ့ပြန်ရေးလုပ်ငန်းများသာမက



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများထိ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် လှူဒါန်းမှုများအပေါ် လေးစားစွာမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိအနေဖြင့် ယခုအခမ်းအနားသို့မလာရောက်မီ ရေဘေးဒဏ်ကြုံတွေ့ခံစားနေရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိရေဘေးသင့်နေရာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ မြေပြင်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှသာကြည့်ရှုခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူတို့၏ ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများ လျော့ပါးအောင်ဆောင်ရွက်နိုင်ကြောင်း၊ ယခင်ကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျ စောင့်ကြည့်လေ့လာသုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသည့် အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးသာမက အခြားဒေသများမှလည်း ပါဝင်ကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးကွင်း၊ရေနက်ကွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေထိန်းတမံတည်ဆောက်သင့်သည့်နေရာများ၌ ရေထိန်းတမံများ တည်ဆောက်၍ ရေဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများလျော့ချနိုင်ရေးစနစ်တကျ သုံးသပ်တွက်ချက်၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသားတိုင်းရင်းသားများအနေဖြင့် မိမိတို့ရှိသည့်အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုကြသည့်စိတ်များ ကိုယ်စီရှိကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့လှူဒါန်းမှုများ၊ စေတနာသဒ္ဒါတရားများ၏အကျိုးကို မုချခံစားရမည်ဖြစ်ကြောင်း၊ မွန်မြတ်သည့်စိတ်ကိုအရင်းခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အကျိုးကို မလွဲမသွေခံစားရမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များသည်လည်း စေတနာအရင်းခံ၍လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ဗုဒ္ဓဘာသာအယူအဆအရလည်းကောင်းမွန်သည့်ဆောင်ရွက်မှုဖြစ်ရန် ကောင်းမွန်သည့်အကျိုးရလဒ်များကိုပြန်လည်ခံစားရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ပေး၍ဆောင်ရွက်ကြရပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို မိမိတို့အနေဖြင့် ယခုအချိန်ထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အလားတူ အခြားအကြောင်းအမျိုးမျိုးကြောင့် မြို့ပြကျေးရွာများရှိ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများကိုလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသူအများစုသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများဖြစ်ကြပြီး စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏အကျိုးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းတို့ကလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

☆ ကျောဖုံးမှအဆက်

လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ

ဦးစွာ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုဆိုင်ရာများနှင့် တာတမံ၏သမိုင်းကြောင်းဆိုင်ရာများ၊ လေးမျက်နှာမြို့နယ်၊ ငဝန်တာ တာမိုင် ၂၅/၃ အနီး တာအိတာလျှောဖြစ်ပွားမှုနှင့် သဲဗွက်ဖြစ်ပွားမှုအခြေအနေများ၊ လူနေရပ်ကွက်များ၊ အခြေခံပညာကျောင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေကြီးရေလျှံမှုစတင်ဖြစ်ပွားချိန်မှစ၍ ရေဘေးသင့်သူများကို ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရေဘေးကယ်ဆယ်ရေး စခန်းများသို့ လာရောက်ကြသည့် ပရဟိတကားများအတွက် စက်သုံးဆီများ ဖြန့်ဖြူးဆောင်ရွက်ထားရှိမှု၊ ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်လာနိုင်မည့် ကျေးရွာများကို ရေဘေးရှောင်စခန်းများသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ရေး အစီအမံရေးဆွဲထားရှိမှု၊ ရေကျသွားသည့်နေရာများမှ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေများ ပြန်လည်ကျဆင်းလျက်ရှိမှုနှင့် ရေဝတီတိုင်းဒေသကြီးအတွင်း ရေငန်ဝင်ရောက်သည့် မြစ်ကြီးများနှင့် ရေငန်ဝင်ရောက်မှုအခြေအနေများ၊ ရေငန်ဝင်ရောက်မှုကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက တမံကျိုးပေါက်မှု ဖြစ်စဉ်စတင်ခဲ့သည့် ဇူလိုင် ၃၁ ရက်မှစပြီး ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး ထုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်းစသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိမှု၊ရေဘေးသင့်ဒေသများတွင် လှုပ်ရှားဆေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းသည့်အစားအသောက်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဝင်နစ်မြုပ်ခဲ့သည့် စိုက်ပျိုးလယ်ယာများအား စစ်ဆေး၍ ပြန်လည်စိုက်ပျိုးရန် လိုအပ်သည့် စပါးစိုက်ခင်းများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စပါးမျိုးများစုဆောင်းထားရှိမှုနှင့် အခြားလိုအပ်သည်များကို ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်ယန္တရားများ ပြင်ဆင်ထားရှိမှု၊ တောင်သူများအနေဖြင့် ရေကျသွားချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေး မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပြင်ဆင်ထားရှိမှု၊ တာတမံများ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိမှုနှင့် ရေပြန်လည်ကျဆင်းသွားသည့် အချိန်တွင် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် ပို့ဆောင်ရေးလုပ်ငန်းများမူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှု များအပေါ် နိုင်ငံတော်သမ္မတက မူလကမ်းရိုးတာနှင့် ငဝန်တာ(မြစ်ကျိုးပန်းတာ)တို့ တည်ဆောက်ခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းခဲ့မှုအခြေအနေများ၊ ရေဝတီတိုင်းဒေသကြီးအတွင်း ယခင်ကတာကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုအခြေအနေများ၊ ယခုရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများရှိပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးသွားမည် ဆိုပါကလည်း အောင်ရေရှိအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့် လိုအပ်သည့် စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လိုကြောင်း၊ တမံနိမ့်ကျပျက်စီးသွားသည့်နေရာကို ယာယီပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဝိုင်းဝန်းတိုင်ပင်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏ နေထိုင်မှုနှင့်စိုက်ပျိုးရေး လုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုမိုးရာသီကာလအတွင်း တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည့် မြေပြင်ကွင်းဆင်း စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်သွားရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

### သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေးနှင့် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေး

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ငဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်သော်လည်း လူတို့၏ လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မည်ကဲ့သို့ အဆင့်အလိုက် ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ကြည့်ရှု စစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များကို စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည်ဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ် ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာဆန်းသစ် သုံးသပ်စောင့်ကြည့် ဆောင်ရွက်နေကြရန်လိုကြောင်း။

ရေဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်းစီးဆင်းသွားနိုင်ရေး စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ရေငန်တားတာများတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်ကြောင်း၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ငွေကြေးကုန်ကျမှု များပြားနိုင်သော်လည်း ရေရှည်တွင် ပြန်လည်ရရှိမည့်အကျိုးကျေးဇူးများကိုကြည့်၍ စနစ်တကျ တွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ပုသိမ်မြစ်နှင့်ပတ်သက်၍ ရှေးယခင်က ပုသိမ်မြစ်အတွင်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာ ဆိုက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ Bed Level များ မြင့်တက်လာမှုကြောင့် သင်္ဘောကြီးများ ဝင်ရောက်နိုင်မှု နည်းပါးလာကြောင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပုသိမ်မြစ်ကြောင်းမှတစ်ဆင့် သင်္ဘောကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ကြောင်း၊ အလားတူ ပြည်တွင်းအတွက် လိုအပ်သည့် ပစ္စည်းများကို ပုသိမ်မြို့ဆိပ်ကမ်းမှ တစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဒုတိယဆိပ်ကမ်းမြို့အဖြစ် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့် မြေနှင့်ရေကို အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက အကျိုးကျေးဇူးများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဖိုးတန်ရေချိုကို အကျိုးရှိအောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမြေနေရာများသို့ ရေငန်များဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြစ်များအတွင်း သွားလာရေးအတွက် အသုံးပြုနိုင်သကဲ့သို့ မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေချိုများ ရရှိရေးဆောင်ရွက်ရာတွင် မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုများမရှိအောင် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေချိုများရရှိစေရေး နွေရာသီကာလတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်၍ရကြောင်း၊ ရေဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ GDP မြင့်မားသည့် တိုင်းဒေသကြီးခြောက်ခုတွင် အမြင့်ဆုံးတွင်ရှိကြောင်း၊ ထို့ကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း ရှိပြီးဖြစ်သည့် မြေခံရေခံကောင်းများကိုအသုံးချ၍ GDP တိုးတက်မြင့်မားအောင်ဆောင်ရွက်ပြီး ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

လူသားအရင်းအမြစ် လိုအပ်ချက်နှင့် ပတ်သက်၍ ရေဝတီတိုင်းဒေသကြီးအတွင်း ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် လူသားအရင်းအမြစ်များကို အရည်အသွေးပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးသည့်နိုင်ငံများသည်ပညာတတ်များပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပညာတတ်များပေါကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက် ကြစေလိုကြောင်း၊ ဆယ်စုနှစ်များအလိုက် ပညာရည်မှတ်တမ်းများအား ပြန်လည်သုံးသပ်ကြည့်ရှုရာတွင် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ကို ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်တန်းအဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်း ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်သဖြင့် အဆိုပါ ရေခံမြေခံကောင်းများကို အသုံးချနိုင်ရန်အတွက်

**စာမျက်နှာ ၁၉ သို့**

**ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများရှိပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရန်လို၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးသွားမည် ဆိုပါကလည်း အောင်ရေရှိအောင်ဆောင်ရွက်သွားရန်လို၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လို၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့် လိုအပ်သည့်စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လို . . .**

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၈**

မျိုးဆက်သစ်ကျောင်းသား လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုလေ့လာသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနာယူမှု စွမ်းရည်တိုးတက်စေရန်၊ တပ်မတော်၏ လုပ်ငန်းတာဝန်များ၊ သမိုင်းမှတ်တမ်းကောင်းများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး ကျောင်းသားလူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်လိုသည့် ရည်မှန်းချက်ကောင်းများထားရှိတတ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိအခြေခံပညာအလယ်တန်းကျောင်း(လေသာ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင်ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြခန်းများအလိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်များ၌ ခင်းကျင်းပြသထားမှုများကို အသေးစိတ် လိုက်လံရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် လက်နက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (လေသာ)မှ အလယ်တန်းပြဆရာမ ဒေါ်နန်းခင်နှင်းမှုံ ဖြစ်ပါတယ်ရှင့်။ ယခုလို စစ်သမိုင်းပြတိုက်ကို ကျောင်းသား၊ ကျောင်းသူများနှင့်တကွ လာရောက်၍လေ့လာခွင့်ရတဲ့အတွက် အများကြီးပဲဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ လေ့လာခွင့်ရတဲ့အတွက်ကြောင့်မို့လို့ မြန်မာ့သမိုင်းကြောင်းတစ်လျှောက်မှာရှိနေတဲ့ တပ်မတော်ရဲ့ ကြိုးစားဆောင်ရွက်ခဲ့သော လွတ်လပ်ရေးသမိုင်းဝင်များကိုလည်းကောင်း၊ ပထမမြန်မာနိုင်ငံတော်မှစ၍ ယခုလက်ရှိအထိကို ကျွန်မတို့နိုင်ငံကို တိုးတက်အောင်ဆောင်



ရွက်ပေးခဲ့သော မင်းအဆက်ဆက်နဲ့တကွ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ရှိသော စိတ်ဓာတ်တွေကိုလဲ ရရှိစေပါတယ်ရှင့်။ စည်းလုံးညီညွတ်မှုရှိပြီးတော့မှ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်တဲ့ စိတ်ဓာတ်တွေလဲ အများကြီးပဲ ရရှိစေပါတယ်ရှင့်။ မျိုးချစ်စိတ်ကို သူတို့ကိုပေးတဲ့အတွက်ကြောင့်လဲ ကျောင်းသား၊ကျောင်းသူလေးတွေဟာ နောင်တစ်ချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ အများကြီးပေါ်ထွန်းလာတဲ့အတွက်ကြောင့်လဲ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ အခုလို လေ့လာခွင့်ရရှိတဲ့အတွက် ကျွန်မတို့ ကျောင်းတွေမှာ သမိုင်းသင်ကြားရတဲ့အခါမှာ ကျောင်းသား၊ကျောင်းသူလေးများဟာ လက်တွေ့မြင်ခွင့်၊ သိခွင့်ရရှိပြီးတော့မှ မိမိရဲ့ သင်ခန်းစာတွေအတွက်လဲ ပိုပြီးတော့မှ အထောက်အကူတွေ အများကြီးဖြစ်ပါတယ်ရှင့်။ နောင်တစ်ချိန်မှာလဲ တိုင်းပြည်အတွက်ကို နိုင်ငံ့ခေါင်းဆောင်တွေ အများကြီးပေါ်ထွန်းဖို့အတွက်လဲ မျှော်လင့်ပါတယ်ရှင့်။ ကျောင်းသား၊ ကျောင်းသူလေးတွေကို ဗဟုသုတတွေ၊ ပြင်ပဗဟုသုတတွေကို ပေးတဲ့အတွက်ကြောင့်မို့လို့လဲ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်ရှင့်"ဟု ပြောသည်။

"ကျွန်တော်ကတော့ အခြေခံပညာအလယ်တန်းကျောင်း (လေသာ)မှာ ပညာသင်ကြားနေတဲ့ Grade 7 ကျောင်းသားလေး မောင်သော်ကောင်းမြတ်ဖြစ်ပါတယ်။ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့



အတွက် အရမ်းကိုပျော်ရွှင်မိပြီး အရင်ခေတ်က လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ အကြောင်းကိုလဲ သိရှိခဲ့ရပါတယ်။ ကျွန်တော်ကြီးလာတဲ့အခါကျရင် မြန်မာနိုင်ငံအတွက် အကျိုးပြုရမယ့်သားကောင်းရတနာတစ်ယောက် ဖြစ်ချင်ပါတယ်။ ဒီစစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးအတွက် စီစဉ်ပေးတဲ့တာဝန်ရှိသူအားလုံးကို အရမ်းကျေးဇူးတင်မိပါတယ်"ဟု ပြောသည်။

(၅၀၁)

---

**စာမျက်နှာ ၁၈ မှအဆက်**

ပညာတတ် လူသားအရင်းအမြစ်များကို မဖြစ်မနေမွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း ထိပ်တန်းအဆင့်တွင်ရှိသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းနေထိုင်ကြသူများကလည်း ကြိုးစား၍ ဒေသတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးတို့နှင့်ပတ်သက်၍ သာမန်အားဖြင့် စဉ်းစား ဆောင်ရွက်၍မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံက စဉ်းစားတွေးခေါ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်ပြည်ထောင်စုအဆင့်က မူဝါဒချမှတ်တွန်းအားပေး၍ ဆောင်ရွက်ခြင်းမျိုး မဖြစ်စေလိုဘဲ မိမိတို့တာဝန်ယူထားရသည့်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းရာကောင်းကျိုးများကို လုပ်၍ရသည့်နည်းလမ်းများဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်၍ ဒေသနှင့် နိုင်ငံ၏အကျိုးကို ဖော်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

■ **မိုးထစ်ချုန်းရွာမည်မှ**

အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

PPIB News

# လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့

ကေဇက်ဟိန်း(PPIB)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ မိဘတွေ အပြင်သွားတဲ့အခါ မိသားစုတွေအတွက် တစ်စုံတစ်ခုဝယ်လာစမြဲဆိုတဲ့ သဘာဝအတိုင်း သမ္မတကြီးရဲ့ပြည်ပခရီးစဉ်များနောက်ကွယ်မှာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် မြားမြောင်တဲ့ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လာခဲ့တာကိုလည်း အားလုံးတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ကဲ စာဖတ်သူတို့ရေ ခရီးစဉ်ဒုတိယရက်ကို ဆက်ကြပါဦးစို့ဗျာ။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒုတိယခရီးစဉ်ရက်မှာ ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍပူးပေါင်းမှုကိုလည်း မဖြစ်မနေအလေးထားဆောင်ရွက်ပေးနေတာကို တွေ့မြင်ရတယ်။ ပြည်ပခရီးစဉ်တိုင်းကို ပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နှစ်နိုင်ငံ တပ်မတော်ကဏ္ဍစတဲ့ ပင်မဒေါက်တိုင်တွေအတွက် အမြဲမပြတ်ဂရုတစိုက် လေ့လာဆောင်ရွက်ခဲ့သလို အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ ကဏ္ဍစုံကိုလည်း မဖြစ်မနေလေ့လာဖော်ဆောင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေအပေါ် ထားရှိတဲ့ စိတ်စေတနာနဲ့ ဆန္ဒတွေအဖြစ် တွေ့မြင်ကြရမှာပါ။

ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံစဉ်မှာတော့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဖော်ဆောင်ဆောင်ရွက်သွားမှု၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ဆောင်ရွက်သွားမှု၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီးများ ပါဝင်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမှု၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများအပေါ် ဆွေးနွေးညှိနှိုင်းအောင်မြင်ခဲ့မှုတွေကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။

**“ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏အခွင့်အရေးများပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း”**

ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့ တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ်။ စာရေးသူကို မှင်တက်မိစေခဲ့တဲ့ စကားတစ်ခွန်းလို့ဆိုရပါမယ်၊ နိုင်ငံအတွက်အရေးကြီးတဲ့ ကိစ္စရပ်တွေ ပြည့်နှက်နေတဲ့ကြားကပဲ ထိုင်းရောက် မြန်မာလူမျိုးတွေကို မှတ်မှတ်ရရရှိနေတာဟာ အကြီးအကဲရင်ထဲက လေးနက်မှု၊ သတိတရရှိမှုတွေပါပဲ။ “အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေခြင်း” ဆိုတာဟာ စကားလုံးတစ်လုံးထက် ပိုပြီးနက်ရှိုင်းပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဆိုရာမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ နိုင်ငံရေးဝါဒမှိုင်းကြောင့် ရွှေ့ပြောင်းလာခဲ့သူတွေအပါအဝင် မြန်မာအလုပ်သမားများထိ အကျုံးဝင်ပါတယ်။ သူတို့စိတ်ထဲ မည်သို့ရှိပါစေ၊ နိုင်ငံအကြီးအကဲကတော့ **“ဒါဟာ ကျွန်တော့်သားသမီးလေးတွေပါဗျာ၊ သူတို့လေးတွေကို စောင့်ရှောက်ပေးပါ”** ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မိဘတိုင်းရဲ့ ရင်ထဲမှာ အမြဲကိန်းအောင်နေတတ်တဲ့ မေတ္တာစကား၊ ကရုဏာစကားပါပဲ။ ဒါတွေကို ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာလူမျိုးအားလုံး ကြားသိနိုင်ပါစေ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါဘူး၊ တောင်းဆိုး ပလုံးဆိုးသာပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့စကားအတိုင်းပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ဝယ်သားသဖွယ် စိတ်ထားကို အမှတ်မထင်တွေ့မြင်ရပါတယ်။

ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပညာတတ် လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိအောင်ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက်အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့ နိုင်ငံအတွက်လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာဖြစ်ပါတယ်။ မှန်းဆရင်မြင်နိုင်ပါတယ်။ မှတ်မှတ်ရရစကားတစ်ခွန်းက စာရေးသူနှလုံးသားကို အမှတ်တရအဖြစ်ငြိတွယ်သွားခဲ့ပြန်ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာသံရုံးမှာတော့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင် သင်တန်းသားတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

တွေ့ဆုံစဉ်မှာလည်း တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ အသိပညာတွေကို အမှန်တကယ်သိရှိတတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြဖို့၊ ဘာသာစကားကိုလည်း မိမိတို့လာရောက်တာဝန်ထမ်းဆောင်ရသည့်ကာလအတွင်း တတ်မြောက်အောင် လေ့လာသင်ယူကြဖို့၊ တာဝန်ထမ်းဆောင်ရင်းနှင့် မိမိဘဝတိုးတက်မှုမှသည် နိုင်ငံတော်တိုးတက်စေဖို့၊ နှစ်နိုင်ငံအတွက် အကျိုးရှိစေမယ့် အခြေအနေကောင်းတွေ ကြိုးစားဆောင်ရွက်ကြဖို့ကို အဓိကထားမှာကြားခဲ့ပါတယ်။

ဒ့ါပြင် သံတမန်ဆက်ဆံရေးရဲ့ အရေးပါမှု၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရဖို့ မိသားစုအချင်းချင်း ဖေးမပြီး စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့ကိုလည်း အလေးထားမှာကြားခဲ့ပါတယ်။

အလျဉ်းသင့်တယ်လို့ ဆိုရမှာပါပဲ။ သံရုံးမှာ စာရွက်စာတမ်းလာရောက်လုပ်နေတဲ့ မြန်မာလူမျိုးများနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေကို အားပေးစကားပြောပြီး ဘယ်လိုအခက်အခဲရှိရှိ သံရုံး၊ စစ်သံရုံးတွေမှာ အချိန်မရွေးအကူညီတောင်းဖို့ တခုတ်တရမှာခဲ့ပါသေးတယ်။ ဘယ်သို့ပင်ရောက်နေပါစေ၊ မြန်မာလူမျိုးအားလုံးအတွက် မြန်မာနိုင်ငံတော်ဟာ အမြဲအရိပ်လိုရှိနေတယ်ဆိုတဲ့ အသိကိုပြသနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဝေးရောက်မြန်မာလူမျိုးများအားလုံးအနေနဲ့လည်း နိုင်ငံတော်ရဲ့တန်ဖိုး၊ နိုင်ငံတော်အကြီးအကဲရဲ့စေတနာကို သိဖို့၊ မြင်ဖို့ လိုအပ်ပါတယ်။

မြဘုရားသို့ဆီ ခရီးဆက်ခဲ့ပြန်ပါပြီ။ မြဘုရားကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းမှာ တည်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲက မြဘုရားဆောင်အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးတွေ ဆက်ကပ်လှူဒါန်းပြီး အလှူငွေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့်စကျင်ကျောက်ဆင်းတုတော်မြတ်ကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲက ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်ကို လှူဒါန်းပေးအပ်ခြင်း၊

စာမျက်နှာ ၂၁ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။ (၇-၈-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (၇-၈-၂၀၂၆)

စာမျက်နှာ ၂၀ မှအဆက်

Piman Rattaya Throne Hall ရှိ ထိုင်းဘုရင်မင်းမြတ်၏ သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha တို့ကို အောက်မေ့သတိရ လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်ကို လှူဒါန်းပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်မှုတစ်ခုပါပဲ။ ရှေးဘုရင်တွေအဆက်ဆက်ကတည်းက သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့တာလည်း မဟုတ်ပါလား။

ထိုင်းနိုင်ငံခရီးစဉ်ကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ။ အမိမြန်မာနိုင်ငံတော်ဆီ ပြန်ရပါတော့မယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့အတူ လေဆိပ်တစ်ခွင်ဟာ ငြိမ်းချမ်းသာယာလို့နေပါတယ်။ နှစ်နိုင်ငံအလံတွေ တလူလူလွင့်ထူထားမှုနဲ့အတူ အပြာရောင်နောက်ခံကားချပ်ကြီးပေါ်မှာတော့ နှစ်နိုင်ငံအလံတော်တံဆိပ်နဲ့ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုတဲ့ ခံ့ညားထည်ဝါစွာကြိုဆိုထားမှုကိုလည်း တွေ့ရပါတယ်။ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုနှုတ်ဆက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးဟာ ကော်ဇောနီခင်းထားရာ လျှောက်လှမ်းတစ်လျှောက် အပြုံးကိုယ်စီနဲ့တည်ငြိမ်စွာ လျှောက်လှမ်းလာပါတယ်။ အကြီးအကဲတို့ရဲ့ အပြုံးများဟာ နှစ်နိုင်ငံချစ်ကြည်ရေးအစွန့်ရှည်မှုကိုသာမက ယခုခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်များနဲ့ နှစ်ပြည်ထောင်ပြည်သူများရဲ့ အနာဂတ်အကျိုးကို ဖော်ညွှန်း သက်သေပြလျက်ရှိပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လေယာဉ်ပေါ်တက်ခါနီးထိ မိမိတို့နိုင်ငံအကြီးအကဲကို လိုက်ပါပို့ဆောင်ပါတယ်။ လေယာဉ်အတက်လှေကားအရင်းမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ နိုင်ငံတော်အကြီးအကဲလက်ကို ကျစ်လျစ်စွာဆုပ်ကိုင်ပြီး နှုတ်ဆက်တဲ့ဟန်ကလည်း နှစ်နိုင်ငံခေါင်းဆောင်ချင်း၊ နှစ်နိုင်ငံအစိုးရချင်း၊ နှစ်နိုင်ငံပြည်သူချင်း ထာဝရကျစ်လျစ်ခိုင်မာတဲ့ တွဲလက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှုတွေရဲ့ အနာဂတ်စာမျက်နှာများအဖြစ် တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။



မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။ (၇-၈-၂၀၂၆)

မိတ်ဆွေစစ်တို့မည်သည် သူ့အကျိုးကိုယ့်အကျိုးအတွက် အတ္တ၊ ပရမ္မတအောင် တွေးခေါ်ဆက်ဆံဆောင်ရွက်တတ်ကြစမြဲပါ။ ကြုံတွေ့လာတဲ့ဒေသတွင်းအခက်အခဲ၊ နှစ်နိုင်ငံရဲ့ အဟန့်အတားမှန်သမျှကို နားလည်မှု၊ဖေးမမှု၊ ခွင့်လွှတ်မှုတွေနဲ့ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်ပေါ်ကို ရောက်ရှိသွားခဲ့ပါပြီ။ မကြာမီဆိုသလိုပဲ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းလို့နေပါတော့တယ်။

နိုင်ငံတော်အကြီးအကဲရဲ့ သမ္မတတာဝန်ယူပြီးချိန်မှစပြီး စတုတ္ထမြောက်ပြည်ပခရီးစဉ်ဖြစ်တဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းနေမှု၊ နိုင်ငံရေးခရီး၊ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ လက်တွေ့ကျကျဖော်ဆောင်နေမှု၊ တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်နေတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းများတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ်ဆောင်ရွက်နေမှု၊ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့နိုင်ငံ့စီးပွားရေးအခွင့်အလမ်းဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့စွမ်းအင်ကဏ္ဍ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတွေကို ချပြဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်တဲ့ရလဒ်တွေပိုင်ဆိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ ဒါ့ပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၊ မြန်မာနိုင်ငံသားများကို စောင့်ရှောက်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ လှမ်းတိုင်းတင့်တဲ့ ခြေလှမ်းများသဖွယ်ပါပဲ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။ (၇-၈-၂၀၂၆)

နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များကြားကို ထိုးဖောက်ရင်း အမိမြန်မာနိုင်ငံရဲ့ လေဆိပ်ကိုဆင်းသက်ရောက်ရှိခဲ့ပါပြီ။ အကြီးအကဲရဲ့ အပြုံးနဲ့လက်ပြနှုတ်ဆက်မှုတွေ၊ ခရီးဦးကြိုပြုနေတဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများရဲ့ ကြိုဆို နှုတ်ဆက်နေဟန်များကလည်း ခရီးစဉ်ရဲ့အောင်မြင်မှုရလဒ်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းညီညွတ်မှုအားတို့ကို ဖော်ညွှန်းနေလျက်ရှိပါတယ်။

ခရီးစဉ်တိုင်း အောင်မြင်မှုများနဲ့အတူ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပိုင်ဆိုင်လာတဲ့ အောင်မြင်မှုများနဲ့အတူ မိမိနိုင်ငံ့အရေးအတွက် နိုင်ငံ့စာမျက်နှာသစ်မှသည် အာဆီယံဒေသတွင်း၊ ကမ္ဘာ့မျက်နှာစာထိတိုင် ယုံကြည်စွာဆက်လက်လျှောက်လှမ်းသွားပေဦးမည်ဟုရေးသားကာသီ စာပန်းချီအဖြစ် ခြယ်မှုန်းလိုက်ရပါတော့တယ်။



❑ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ

၃။ ဩဂုတ် ၁၅ ရက် နောက်ပိုင်းတွင်လည်း ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအနေဖြင့် အိမ်သုံးမီတာ၊ ပါဝါမီတာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.moee.gov.mm သို့ ဝင်ရောက်လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားခြင်းအားဖြင့် လျှပ်စစ်မီတာအသစ်များကို လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့် စရိတ်စကများ သက်သာစေကာ တရားဝင်သတ်မှတ်ထားသည့် အခကြေးငွေကိုသာ ပေးသွင်းရမည်ဖြစ်သည်။ မီတာလျှောက်ထားမှုများကို သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီမြစ်ရေတို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် မိုးနဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့အပါအဝင်မြို့နယ် လေးမြို့နယ်တို့ရှိ ဘုရားစေတီများ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့တွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗ၀၁)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အိမ်ထောင်သည်စိုက်ပျိုးရေး အကောင်းဆုံးဆု၊ မွေးမြူရေးအကောင်းဆုံးဆုနှင့်လိုင်းသန့်ရှင်းရေးအကောင်းဆုံးဆု ရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗ၀၁)

● မြန်မာအသင်းမှ

ရရှိထားပြီး ထိုင်းအသင်းကို မဖြစ်မနေအနိုင်ရလဒ်ရရှိမှသာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည့်အတွက် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းကနိုင်ပွဲရလဒ်လိုအပ်နေသည့် မြန်မာအသင်းက အကောင်းဆုံး ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၁၁ မိနစ်တွင် ဂျဟာနာဖီက ပင်နယ်တီမှတစ်ဆင့် ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ပွဲချိန် ၅၂မိနစ်တွင် မြန်မာအသင်းမှခံစစ်ကစားသမား စိုးမိုးကျော်ဂိုးဧရိယာအတွင်း လက်ထိခဲ့သည့်အတွက်



ထိုင်းအသင်းက ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး ဝူရာချစ်က ထိုင်းအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ထိုင်းအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ASEAN Hyundai Cupပြိုင်ပွဲ အုပ်စု (B)တွင် အုပ်စုပွဲစဉ်များအပြီး၌ ထိုင်းအသင်းက သုံးပွဲနိုင် ရမှတ် ၁၂မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက သုံးပွဲနိုင် တစ်ပွဲရှုံးရမှတ်ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ STA

❖ မန္တလေး-မိုးကုတ်ကားလမ်းမှ

အဆိုပါ မန္တလေး-မိုးကုတ် ကားလမ်းပေါ် ရေကျော်နေမှုအခြေအနေများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့်အဖွဲ့ဝင်များဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မတ္တရာမြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နံနက် ၈နာရီခွဲမှစတင်၍ ခရီးသွားကားများအဆင်ပြေစွာဖြတ်သန်းသွားလာနိုင်ရေး၊ လမ်းချော်မှုမဖြစ်ပွားစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ နေအိမ်အတွင်းနှင့် အုတ်စက်ရုံများတွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆည်တော်ကြီး ရေလှောင်တမံ၏ ကန်ရေပြည့်မှတ်မှာ ၄၁၉ ဒသမ ၅ပေဖြစ်ပြီး ယနေ့နံနက်တိုင်းထွာချက်အရ ၄၁၇ ဒသမ ၈ ပေသို့ ရောက်ရှိနေသဖြင့် ရေတံခါးငါးပေါက်ကို နှစ်ပေစီနှင့်ရေတံခါးနှစ်ပေါက်ကို တစ်ပေစီ ထိန်းညှိလွှတ်ထားကြောင်း သတင်းရရှိသည်။ **ရွှေရာသား**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "James Yar Kot" Facebookအကောင့်နှင့် "Anna Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စမ်းချောင်းပေါက်ကျေးရွာနေ ရာကုပ် ခေါ် ဂျိမ်းရာကုပ်ကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မှော်ဘီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗ၀၁)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်စကားဝိုင်းသို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များကို တွေ့ဆုံအားပေး၊ ဗန်းမော်ကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု




**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့် လူငယ်စကားဝိုင်း နေပြည်တော်သို့တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်များ၏ ကိုယ်တိုင်ထုတ်လုပ်ထားသော ထုတ်ကုန်များ၊ MSME ပြခန်းတွင်ပြသမည့် စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်ကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ် ခုနစ်ဦး ရွေးချယ်ဆောင်ရွက်ခဲ့မှု၊ MSME ပြခန်းတွင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များရွေးချယ်ခဲ့မှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်စကားဝိုင်းသို့တက်ရောက်မည့် လူငယ်ကိုယ်စားပြုကိုယ်စားလှယ်များ၊ MSME ပြခန်းတွင် ပြသမည့် လူငယ်စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များနှင့် အုပ်ချုပ်သူများက တစ်ဦးချင်းမိတ်ဆက်စကားများ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်အတွင်း ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက်အတွင်း ကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် ဩဂုတ် ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။

# ဤလမ်းထက်ဝယ်

## နွေကုံကော်(မြို့လှ)



ပြီးခဲ့တဲ့ ၇ ရက်မှအဆက်

"ဩော်…ဒီကိစ္စသွားရှင်းပေးရအုံးမယ်ဆိုပါတော့"

ဒေါ်တင်လှက မုဆိုးမဖြစ်သည်။ သမီးနှစ်ယောက်၊ သားနှစ်ယောက်ရှိ၏။ သမီးတွေက ရပ်ကွက်ထဲမှာ ခေတ်အဆန်ဆုံးအနေအထိုင် အရဲတင်းဆုံးဖြစ်တာကို သတိထားမိသည်။ ဒေါ်တင်လှကိုယ်တိုင်ကလည်း တစ်ခါတစ်ရံ မိတ်ကပ်တွေ အဖွေးသားနှင့်ရှိနေတတ်၏။

သူ့သားသမီးတွေနေထိုင်ပုံက ဘယ်တော့မှ အမြင်တင့်တယ်သည် ဟူ၍မရှိ။ ညီအစ်မအချင်းချင်း ပင် ပြိုင်ဆိုင်နေကြသေးသည်။ ဟိုကွဲဒီကွဲ အပေါက်အဖာဝတ်စုံတွေဝတ်၍လည်းဖက်ရှင်ဟု ဆိုကြသေး၏။

"ကျုပ်ကလဲ အုပ်ချုပ်ရေးမှူးဆိုတော့ မရှင်းပေးလို့ကလဲ မဖြစ်ပြန်ဘူး၊ ဒီမိသားစုက အမြဲလိုလိုပဲ ဒီပြဿနာတက်တယ်၊ ဒါလဲဆင်ခြင်တုံတရားမရှိဘူး၊ အချိန်မတော်ယောကျ်ားသားတွေနဲ့ ဆက်နွယ်ပြီး သီချင်းဆိုဖျော်ဖြေရတဲ့အလုပ်ကို ဂုဏ်ယူဝင့်ကြွားနေတာ၊ ဝတ်ကောင်းစားလှဝတ်ပြီး အဲဒီလိုငွေရှာနေရတာကို ကလေးမလေးက သာယာနေတာဗျ၊ ဒေါ်တင်လှကိုယ်တိုင်ကလဲ သမီးဖြစ်သူကို တားမြစ်ပုံမရဘူး၊ သူတို့ မိသားစုကလဲ ဒီလောက်အခြေအနေဆိုးနေတာ မဟုတ်ပါဘူးဗျာ"

ဦးလှထိန်က အရှိန်ဖြင့်ဆက်ပြောလာသည်။

"ကျုပ်လဲ အကြံပေးကြည့်ပါသေးတယ်၊ တခြားသူတွေလို စက်ရုံမှာ အလုပ်လုပ်ဖို့နဲ့ တခြားအေးအေးဆေးဆေးဝန်ထမ်းလုပ်ဖို့ပြောတော့ ကလေးမတွေက ကြီးကျယ်တယ်ဗျ၊ အဲဒီလိုအလုပ်တွေမလုပ်ချင်ဘူး လစာနည်းတယ်တဲ့၊ ရှက်တယ်တဲ့၊ ကဲ မှတ်ကရော၊ အမူးသမားအရူးသမားစွပ်တဲ့ပန်းကုံးနဲ့ ချည်နှောင်မှုနဲ့ပေးတဲ့ အသပြာငွေကို မက်မောနေမှတော့ သူတို့လေးတွေရဲ့ဘဝတန်ဖိုးကို ခင်ဗျားတို့ပဲ စဉ်းစားကြည့်တော့"

အုပ်ချုပ်ရေးမှူးပြောသမျှကို ဦးတင့်ဝေလည်း သိတန်သလောက် သိခဲ့ပြီးပါပြီ။ တစ်လောက ဒေါ်တင်လှ သမီးအကြီးမ ယောကျ်ားနောက်လိုက်ပြေးသည့်သတင်း သဲ့သဲ့ကြားရသည်။ သုံးရက်လောက် ပျောက်သွားပြီးမှ အိမ်ပေါ်ပြန်ရောက်လာ၏။ ဒေါ်တင်လှကတော့ အမျိုးတွေဆီ အလည်သွားတာဟု ပတ်ဝန်းကျင်ကိုဖြန့်သည်။ သို့သော်လည်း သိသူတွေက သိနေကြသည်။ ကိုကျော်ကြီး လက်ဖက်ရည်ဆိုင်ရှေ့ ရောက်သောအခါ–

"ကျွန်တော်တော့ မလိုက်တော့ဘူး ဥက္ကဋ္ဌကြီးရေ" ဟု နှုတ်ဆက်ရင်း ဦးတင့်ဝေကျန်ရစ်ခဲ့ကာ ရပ်ကွက်လေးကို ငဲ့စောင်းကြည့်လိုက်မိသည်။ သူ့ဟာနှင့်သူတော့ စည်ကားနေဆဲ။ ရုံးပိတ်ကျောင်းပိတ်ရက်မို့ပို၍ အသက်ဝင်နေသလိုခံစားရသည်။

(၃)

ရုံးဖွင့်ရက်မနက်ပိုင်းတွင် ဌာနရှေ့မှာတန်းစီပြီး စက်ရုံရှေ့ လက်ဖက်ရည်ဆိုင်သို့ ခဏထွက်ခဲ့သည်။ ဆိုင်မှာက သတင်းစုံသည်။ သတင်းစာ၊ ဂျာနယ်အပြင် မိတ်ဆွေများ၏ နှစ်ရက်အတွင်း ထူးခြားသတင်းတွေကိုပါ သိနိုင်သည်။

"ဆရာတင့်ရေ သတင်းထူးပါတယ်ဗျ"

ဆိုင်ထဲ ထိုင်ရုံရှိသေး စီမံဌာနမှ မြတ်ကိုဦးက ဆီးကြိုပြောလာသည်။

"ဟေ…နှိပ်သဟ၊ ဘာတွေများတုံး မြတ်ကိုဦးရ"

ဦးတင့်ဝေနှင့် မြတ်ကိုဦးသည် ဌာနချင်း မတူသော်လည်း လူချင်းရင်းနှီးကြ၏။

"ရွှန်းနီရေ ထုံးစံအတိုင်းကွ"

စားပွဲထိုးကောင်လေး ရွှန်းနီကို သောက်နေကျ လက်ဖက်ရည် အသီးသီးမှာလိုက်ကြသည်။

"ဆိုစမ်းပါအုံး"

"ဆရာတင့် ဒီမနက်တန်းစီတော့ ဝေမျိုးထွန်းကို တွေ့လား "

"ဩော်…အေ…ဟုတ်သား ဒီကောင်မလာသေးဘူး၊ နောက်ကျပြန်ပြီထင်တယ်" ဝေမျိုးထွန်းသည် ဦးတင့်ဝေတို့ဌာနမှ စာရေးတစ်ယောက်ဖြစ်၏။ ဝေမျိုးထွန်းနှင့်မြတ်ကိုဦးက ကျောင်းနေဖက် သူငယ်ချင်းတွေ။

"နောက်ကျတာမဟုတ်ဘူး ဆရာတင့်ရေ၊ ဒီကောင် ပဲခူးကို မိန်းမခိုးပြေးတာဗျ"

ရေနွေးခွက်ဆေးဖို့ပြင်နေသော ဦးတင့်ဝေ လက်များတုံ့ဆိုင်းသွားရလေသည်။

"ဟေ ဟုတ်လား. . ဘယ်ကကောင်မလေးတုံး"

"ဟိုဘက်မြို့ စိုက်ပျိုးရေးဌာနကကောင်မလေး နဲ့လို့ပြောတယ်"

"ဟင်"

ဝေမျိုးထွန်းဆီမှအဖြေကြောင့် ဦးတင့်ဝေစိတ်ထဲ ဇဝေဇဝါဖြစ်သွားရသည်။

"ဒီကောင်က ငါတို့ရပ်ကွက်ထဲက ကောင်မလေး နဲ့ မဟုတ်ဘူးလား"

ဒေါ်တင်လှသမီး အငယ်မကိုဆိုလိုခြင်းဖြစ်၏။ အရင်တုန်းက ဒီကောင်မလေးမြဝတ်ရည်ကို သဘောကျကြောင်း ဝေမျိုးထွန်းရင်ဖွင့်ဖူးသည်။ တစ်ခါတလေ သူတို့နှစ်ဦးကို မြို့ထဲမှာတွေ့ရတတ်သေးသည်။

"အစကဟုတ်တော့ဟုတ်သလိုပဲ ဆရာတင့်ရ၊ ဒီကောင် မြဝတ်ရည်ကို သဘောကျသလိုဖြစ်ခဲ့ဖူးတယ်၊ သူဆိုင်သွားထိုင်ရင်းတွေ့တာနေမှာပေါ့၊ ကောင်မလေးကတော့ အတော်လေးရဲတင်းပွင့်လင်းတယ်ဆရာ"

"အင်း ဆက်စမ်းပါအုံးကွာ"

ပရီမီယာကော်ဖီတစ်ငုံသောက်ပြီး မြတ်ကိုဦးကို စကား ဆက်ခိုင်းသည်။

"မြဝတ်ရည်နဲ့ပတ်သက်လို့ ဒီကောင်ပြောတာကို ကျွန်တော်မှတ်မိတယ်၊ သူ့ရုပ်ရည်နဲ့ ဖျော်ဖြေမှုကိုတော့ သဘောကျတယ်တဲ့၊ ကျွန်တော်လဲ ဒီကောင် မြဝတ်ရည်ကိုကြွေနေပြီလို့ထင်တာ၊ စားသောက်ဆိုင်က ကောင်မလေးတွေနဲ့ ဇာတ်လမ်းတွေက များတယ်မဟုတ်လား၊ လေးလလောက်ကြာတော့ ဖွင့်ပြောလိုက်ပြီလားလို့ ကျွန်တော်မေးမိတယ်၊ သူက နီးဆိုပြီး ပြန်ဖြေတယ်လေ"

"ဟေ…အဆန်းပါလားကွာ"

"ကောင်မလေးနဲ့ပတ်သက်လို့ သူ့အိမ်ကလဲ လက်ခံမှာမဟုတ်ဘူးတဲ့၊ ဝေမျိုးထွန်းမိဘတွေက ဂုဏ်သိက္ခာနဲ့ယဉ်ကျေးမှုကို တန်ဖိုးထားတဲ့သူတွေလေ၊ လူတစ်ဖက်သားကို သူအထင်မသေးပါဘူးတဲ့၊ ဒါပေမဲ့ ဘဝပေးအခြေအနေကလဲ ဆင်းရဲနေတာမဟုတ်ဘဲ ယောကျ်ားသားတွေအတွက် ဖျော်ဖြေမှုပေး၊ ဝါသနာအရသီချင်းဆိုငွေရှာနေတဲ့ မိန်းကလေးတစ်ယောက် ကို သူမချစ်ရဲဘူးတဲ့၊ သဘောကျတာက သတ်သတ် ချစ်လို့အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တာကသတ်သတ်လို့ သူပြောပြတယ်"

မြတ်ကိုဦးပြောပြနေသည့် အကြောင်းအရာများကို ဦးတင့်ဝေ အလေးအနက်နားထောင်နေမိသည်။

"ဟုတ်တယ် ဆရာတင့်ရ၊ တချို့မိန်းကလေးတွေက မိသားစုဘဝပေးအခြေအနေအရ လုပ်ကိုင်နေကြတယ်ဆိုပေမဲ့ ဘာပဲဖြစ်ဖြစ် ယောကျ်ားတွေရဲ့အလယ်မှာဖျော်ဖြေနေရတာ၊ သူတို့စွပ်တဲ့ပန်းကုံးတွေ၊ အပိုဆု၊ ဘောက်ဆူးတွေရဲ့ဒဏ်ကို ကြာကြာခံနိုင်ပါ့လားလို့တွေးမိတယ်၊ တကယ်အလုပ်လုပ်ချင်ရင် အလှအပခန္ဓာကိုယ်ကို ရင်းနှီးတဲ့အလုပ်တွေမှ မဟုတ်ပါဘူး၊ ခုခေတ်ယောကျ်ားအများစုက ပွင့်လင်းရဲတင်းပြီး ဆွဲဆောင်မှုရှိတာကို သဘောကျပေမဲ့ ချစ်သူဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တဲ့အခါကျတော့ အေးဆေးတည်ငြိမ်တာကိုပဲ လိုချင်ကြတာ၊ ဒါမှလဲ အိမ်ထောင်ရေးလိပ်ပြာသန့်မယ်မဟုတ်လား"

"အိမ်ထောင်ရေးလိပ်ပြာ"

ဦးတင့်ဝေ ထပ်ဆင့်ရေရွတ်လိုက်မိသည်။ ပရီမီယာအရသာနှင့် မြတ်ကိုဦးဆီမှ ဒဿနစကားတို့က လိုက်လျောညီထွေရှိလှသည်။ ရှစ်နာရီထိုးပြီမို့ ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ ဦးတင့်ဝေအတွေးထဲမှာတော့ ဝေမျိုးထွန်းမိန်းမခိုးပြေးတာထက် မိမိတို့ပုရိသအများစု၏ အိမ်ထောင်ဖက်ရွေးချယ်မှုဒဿနတို့သာ စိုးမိုးနေခဲ့သည်။

နှစ်နှစ်ခန့်ကြာပြီးနောက်…

"ပန်းသည်လာပြီနော်… မေမြို့ပန်း၊ သစ္စာပန်း၊ ကံ့ကော်ပန်းအစုံပါတယ်"

ပန်းသည်မလေး ထွေးငယ်၏ သာယာနာပျော်ဖွယ်အသံလေးက မနက်စောစောမှာ ထွက်ပေါ်လာခဲ့ပြန်သည်။ ယနေ့သူမ၏ အော်သံလေးက တစ်မျိုးတစ်ဖုံထူးကဲနေသလား အောက်မေ့ရသည်။ အရင်ကြားနေကျ အသံမျိုးမဟုတ်ပေ။

ဦးတင့်ဝေစိတ်ထင်နေလို့လားတော့မသိ။ တစ်ခုခုကွဲပြားနေတာတော့အမှန်ပင်ဖြစ်သည်။

"အန်တီခင်…"

အသံရှည်စွဲ၍ ဇနီးသည်ကိုလှမ်းခေါ်နေပါပြီ။ မခင်သစ်က ရပ်ကွက်ဈေးသို့သွားနေသည်။

"ထွေးငယ်ရေ ညည်းအန်တီက ဈေးသွားနေလေရဲ့၊ ပန်းမှာထားလို့လား"

ဦးတင့်ဝေ အိမ်ရှေ့ဆင်းလာခဲ့သည်။

"မမှာပါဘူး ဦးလေးရဲ့… သမီးက ဖိတ်စာပေးချင်လို့"

"ဘာဖိတ်စာတုံးသမီးရဲ့"

"မမထွေး မင်္ဂလာဆောင်လေ ဘဘရဲ့"

ဘေးမှ သူ့မောင်လေး၏ ကြားဝင်ဖြေပေးမှုကြောင့် ထွေးငယ်မျက်နှာလေး ရဲခနဲဖြစ်သွားတာကို တွေ့လိုက်ရသည်။

"ဟေ ညည်းအိမ်ထောင်ပြုတော့မှာလား"

"ဟုတ်ကဲ့ ဦး ဒီမှာဖိတ်စာပါ၊ ရှေ့တစ်ပတ်တနင်္ဂနွေနော် အန်တီခင့်ကိုလဲပြောပေးပါ။ ဒီကြားရက်ထဲ သမီးပန်းရောင်းဖြစ်မှာမဟုတ်သေးဘူး"

ရှက်ပြုံးလေးများဖြင့်ပြောရင်း ဖိတ်စာကမ်းပေးသည်။ "အေးအေး သမီး၊ ဦးတို့လာခဲ့ပါ့မယ်ကွယ်"

မောင်နှမနှစ်ယောက်ထွက်သွားတော့မှ ပန်းနုရောင်ဖိတ်စာလေး ကိုဖွင့်ကြည့်မိသည်။ ထွေးငယ်လက်ထပ်မည့် ခင်ပွန်းလောင်းမှာ သမိုင်းအထူးပြုနှင့်ဘွဲ့ရထားပြီး မြို့ထဲဝပ်ရှော့တစ်ခုမှဖြစ်ကြောင်း ဖိတ်စာအရ သိလိုက်သည်။

ကောင်လေးမိဘတွေကလည်း ကျောင်းဆရာအငြိမ်းစားတွေပင်။ ဖိတ်စာလေးကိုကြည့်ရင်း ထွေးငယ်၏မင်္ဂလာပွဲကို ကြိုတင်မြင်ယောင်လာမိသည်။ ချစ်ခင်မြတ်နိုးသူနှင့်အတူတကွပေါင်းသင်းရမည့် မင်္ဂလာပွဲအခမ်းအနားမှ ထွေးငယ်တို့စုံတွဲနှင့် ပြီးခဲ့ပြီဖြစ်သည့် ကိုကျော်ငြိမ်းသမီး သင်းသင်းဆွေတို့စုံတွဲပုံရိပ်လေးတွေက ကြည်နူးဖွယ်မြင်ကွင်းများအဖြစ် တစ်လှည့်စီပေါ်လာခဲ့သည်။

အခြေအနေနွမ်းပါးသော်လည်း သူတို့လေးတွေ၏ မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာတန်ဖိုးက နွမ်းပါးခြင်းမရှိခဲ့ပေ။ ရုတ်တရက် ဒေါ်တင်လှ သမီးတွေက ခေါင်းထဲရောက်လာခဲ့သည်။ ဒေါက်မြင့်ဖိနပ်စီး၊ ပိုက်ဆံအိတ်ကိုလွယ်၊ အပေါက်အဖာနှင့် ဂျင်းဘောင်းဘီကျပ်တွေဝတ်၊ မလုံ့တလုံအင်္ကျီတို့နှင့် ဘဝလမ်းမပေါ်မှာ လျှောက်လှမ်းနေကြသောသမီးများ၏ ဘဝရှေ့ရေးကို ဒေါ်တင်လှမည်သို့ စီမံထားသည်မသိ။

လူတိုင်းက ကိုယ်ယုံကြည်ရာဘဝလမ်းမှာ ပျော်ရွှင်စွာလျှောက်လှမ်းနေကြသည်ဟု မြင်သည်။ တန်ဖိုးထားသင့်သည်ကို တန်ဖိုးမထားဘဲ ဥပေက္ခာပြုထားမိပါက လောကကြီးထဲ ကျင်လည်နေရတာချင်းအတူတူ မိမိတို့က တစ်ပန်းရှုံးနေဦးမည်ဟူသော အတွေးများ ဦးတင့်ဝေခေါင်းထဲမှာ တစ်ခုပြီးတစ်ခု စီကာရီကာ တိုးဝှေ့ဝင်ရောက်လာပါတော့၏။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၁၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၅၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၅၄၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၁၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲစဉ်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ခုံးစိမ်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ခုံးစိမ်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါခုံးစိမ်းများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

" ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကိုအဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဖျာပုံမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ရေထွက်ပင်လယ်စာခုံးစိမ်းတွေကို ဖျာပုံမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက်ပိုမိုအရောင်းသွက် လည်ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိတာပေါ့"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ပင်လယ်စာ ခုံးစိမ်းများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ခုံးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀၀ ထိပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က စီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်၊ ကြီးပွား အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

## ဖွဲ့၊ လှံ့လချီ ပန်းတိုင်ဆီ

\- လှံ့လကို အရင်းပြု
ထုဆစ်မှ ဖွဲ့စိတ်ခိုင်၊
အားနဲ့မာန် ညီတူလျှောက်ပါမှ
ရောက်လိမ့်ပန်းတိုင်၊
အခက်အခဲလည်း မမှုနိုင်
မယိမ်းယိုင် ရှေ့သို့သွား၊
ကျရာဝန် မခိုကပ်ကာဖြင့်
အပ်နှင်းကျော်လွှား။

\- ယုံကြည်ရာ ရဲ့ဝံ့ကြွား
တိုးပွားလှ စိတ်အခြေ၊
သင့်ရာကို မူတည်ထုံးပါလို့
ဆုံးဖြတ်ကာပေ၊
ဝီရိယလည်း မလျော့စေ
နေပမာ ရောင်စဉ်လင်း၊
ကြိုးကုတ်ကာ ခရီးဆန့်တယ်
စိတ်ညွှတ်တွေကင်း။

\- ရိုင်းပင်းကာ သူငယ်ချင်း
ဂုဏ်သတင်း ကျော်စေကာ၊
များအလယ် အောင်မြင်မှုနဲ့
သုခဝေဆာ၊
ဖွဲ့လှံ့လရဲ့ ရလဒ်ဖြာ
ပျင်းရိတာ ရှောင်ကြည်လို့၊
ကိုယ့်တာဝန် မကွယ်ပျောက်ကာဖြင့်
လျှောက်လှမ်းပါစို့။ ။

ပိုင်ဆု(ပညာရေး)

# ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ဘုရားကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘုရားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၆ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၃၁၉၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဆီထွက်သီးနှံစုံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးခြင်းကို ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၃၁၉၀၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲဒီ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ စိုက်ပျိုးခြင်းကို လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစုံတွေ အလိုက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ ဆီထွက်သီးနှံစုံစိုက်ခင်းတွေကို အထွက်နှုန်းတိုးတက်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပုဗ္ဗသီရိမြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အေးမြင့်သာယာ ကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၉၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တံတားဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် သိန်း ၆၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေဘ်လူး

# ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ငါးဈေးကွက်တွင် ယခုနှစ် ဩဂုတ် ၁ ရက်မှစတင်ပြီး ယနေ့ထိ ငါးပုတ်သင်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကပါ အရောင်းအဝယ် ဖြစ်နေတာပါ။



ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးပုတ်သင်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၂၈၅၀၀ မှ ၄၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပေါက်ခေါင်းမြို့နယ် စိုင်ဂေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပေါက်ခေါင်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရပ်သစ်ကျေးရွာအုပ်စု စိုင်ဂေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အဖွင့်အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ စာရင်းဇယားပုံစံများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် ခံစားခွင့်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘော ဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကိုညီ

# စလင်းမြို့နယ် ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အင်ဒိုနီးရှားနိုင်ငံ မောင့်ဘရိုမိုအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းသဖြင့် သစ်တောဧရိယာ ဟက်တာ ၆၀ ပျက်စီးခဲ့ရ



**ဂျကာတာ ဩဂုတ် ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ မောင့်ဘရိုမို အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းသဖြင့် သစ်တောဧရိယာ ဟက်တာ ၆၀ မီးလောင်ပျက်စီးခဲ့ရကြောင်း အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည့် မောင့်ဘရိုမို အမျိုးသားဥယျာဉ်သည် မတ်စောက်သောတောင်စောင်းများပေါ်တွင် ရှိနေသဖြင့် မီးသတ်သမားများအနေဖြင့် မြေပြင်မှဝင်ရောက်ငြှိမ်းသတ်ရန် ခက်ခဲနေကြောင်း၊ ထို့ပြင် လေပြင်းတိုက်ခတ်မှုက မီးကို ပိုမိုပျံ့နှံ့စေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လက်ရှိတွင် မီးငြှိမ်းသတ်ရန် အာဏာပိုင်များက မီးသတ်တပ်ဖွဲ့ဝင်များကို မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များအပြင် ဒရုန်းများကို အသုံးပြုစေလျက်ရှိကြောင်း၊ ဒရုန်းများဖြင့် မီးလောင်ကျွမ်းနေသည့် နေရာများကို ရှာဖွေပြီး မီးငြှိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ထို့ပြင် မီးငြှိမ်းသတ်ရေးကို အထောက်အကူဖြစ်စေရန် မိုးအတု ရွာသွန်းစေသည့် နည်းလမ်းကို အသုံးပြုနိုင်ရေးလည်း အာဏာပိုင်များက စီစဉ်နေကြောင်း သိရသည်။

မောင့်ဘရိုမိုအမျိုးသားဥယျာဉ်တွင်လောင်ကျွမ်းနေသောတောမီးကြောင့် အမျိုးသားဥယျာဉ်၏ အချို့နေရာများကို ပိတ်ထားပြီး တောမီးအခြေအနေကို ဆက်လက်စောင့်ကြည့်ပြီး အန္တရာယ်ကင်းရှင်းသည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ ယူတားပြည်နယ်တွင် လောင်ကျွမ်းနေသော တောမီး အရေးပေါ်အခြေအနေသတ်မှတ်

**ဝါရှင်တန် ဩဂုတ် ၈**

အမေရိကန်နိုင်ငံ ယူတားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးမှာထိန်းချုပ်ရခက်သည့်အဆင့် ရောက်ရှိနေသည့်အတွက် တောမီးအန္တရာယ် အရေးပေါ်အခြေအနေသို့သတ်မှတ်လိုက်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ရစ်ဖီးဒေသအနီးတွင် လောင်ကျွမ်းခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုသည် နေရာနှစ်နေရာတွင် လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၁၀၅၀၀၀ ထိ လောင်ကျွမ်း ပျက်စီးခဲ့ကြောင်း ယူတားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ရစ်ဖီးဒေသအနီးမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေတဲ့အတွက် တောမီးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ ဘယ်အရပ် ဘယ်ဒေသက လာမှန်းမသိတဲ့ ရဟတ်ယာဉ်တစ်စင်းဟာ တောမီးလောင်ကျွမ်းနေတဲ့ဧရိယာကို ဖြတ်မောင်းစဉ် မတော်တဆဖြစ်ခဲ့ပြီး ပျက်ကျခဲ့ပါတယ်။ ရဟတ်ယာဉ်ပေါ်မှာ လူနှစ်ဦးလိုက်ပါလာပါတယ်။ ဘယ်ကလာတဲ့ ရဟတ်ယာဉ်မှန်း မသိသေးတဲ့အတွက် စုံစမ်းဖော်ထုတ်မှုတွေ ပြုလုပ်နေပါတယ်"ဟု ယူတား မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ ဟာဘာဂတ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

**မနီလာ ဩဂုတ် ၈**

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းရှိ ဟာဘာဂတ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ကြောင့် အဓိက ဆက်သွယ်သွားလာရေးလမ်းမများတွင် ငါးပေထိ ရေလွှမ်းနေကြောင်း၊ ဟာဘာဂတ်ဒေသအပြင် ဘာရန်ဂေးတာလီဘာအိုဒေသနှင့် ပန်ဂါစီနန်ဒေသတို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေကြောင်း၊ လမ်းမကြီးများတွင် ရေလွှမ်းနေသည့် အခြေအနေမှာ အန္တရာယ်ရှိသည့်အဆင့်ဖြစ်သည့်အတွက်ကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးခဲ့ကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဟာဘာဂတ်ဒေသမှာ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက အချိန်မီ ဘေးလွတ်ရာ ရွှေ့ပြောင်း ပေးနိုင်ခဲ့တဲ့အတွက်ကြောင့်လဲ ဒေသခံတွေ ဘေးကင်းခဲ့တာ ဖြစ်ပါတယ်။ ရေလွှမ်းနေတဲ့ နေရာတွေကို ဖြတ်သန်းသွားလာခြင်း မပြုဖို့လဲ ညွှန်ကြားထားပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေကလဲ အသက်ကယ်လှေတွေနဲ့ ဒေသခံတွေကို ကူညီပေးဖို့ လှည့်လည်စစ်ဆေးနေပါတယ်"ဟု ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဂျပန်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ဒေသခံဦးရေ ၂၆၀၀၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့

**တိုကျို ဩဂုတ် ၈**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများသို့ တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင် ဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံဦးရေ ၂၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ အာဏာပိုင်များက ရွှေ့ပြောင်းပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင် ဝင်ရောက်စဉ် ကမ်းရိုးတန်းဒေသများ၌ လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လှိုင်းကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိ တိုင်ဖွန်းမုန်တိုင်း၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၄ ကီလိုမီတာရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်သည် ကျူးရှူးဒေသနှင့် အိုကီနာဝါစီရင်စုကြားရှိ ကျွန်းစုများအနီးသို့ ဝင်ရောက်လာနေသဖြင့် ကျူးရှူးဒေသရှိ ကာဂိုရှီးမားနှင့် အိုကီနာဝါစီရင်စုများရှိ ဒေသခံဦးရေ ၂၆၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရေးအဖွဲ့များက ရွှေ့ပြောင်းပေးနေကြောင်း၊ ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်ကြောင့် တိုယိုတာ Motor Corporation စက်ရုံကိုးရုံ၏ လုပ်ငန်းများကို ယာယီရပ်ဆိုင်း ထားရသည့်အပြင် လေယာဉ်ခရီးစဉ် ၅၀၀ ကျော်ကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် အားကောင်းသောမုန်တိုင်းအသွင်ဖြင့် ဝင်ရောက် လာနိုင်သောကြောင့် မုန်တိုင်းဝင်ရောက်နိုင်သည့် နိုင်ငံ၏အနောက်တောင်ပိုင်း ဒေသများတွင် အဆောက်အအုံများ ပျက်စီးခြင်း၊ ပြိုကျခြင်းများ ဖြစ်ပေါ်စေနိုင်သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က သတိပေးထားသည်။

Ref : Sputnik News
Trs : KZ

# ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်ထပ်မံမြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၈**

ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန် ထပ်မံမြင့်တက်နိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းပါက အပူချိန်မှာ ၃၆ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ ဗြိတိန်နိုင်ငံတွင် မေလမှ ဇူလိုင်လအတွင်း အပူလှိုင်း ခြောက်ကြိမ်တိုင်တိုင် ဖြတ်သန်းခဲ့ပြီး အပူချိန် ဖြတ်သန်းမှု အကြိမ်ရေအများဆုံးနှစ် တစ်နှစ်ဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုများကြောင့် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး ဇူလိုင်လ နောက်ဆုံးပတ်တွင် မိုးအနည်းငယ် ရွာသွန်းခဲ့သော်လည်း လာမည့်ရက်ပိုင်းအတွင်း အပူချိန် ပြန်လည် မြင့်တက်လာမည်ဖြစ်သည့်အတွက် ဗြိတိန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုမှာ သိသိသာသာ မြင့်တက်နေကြောင်း သိရသည်။

"အပူလှိုင်း ဖြတ်သန်းမယ်လို့ သတိပေးချက် လက်ခံရရှိထားပါတယ်။ မြင့်တက်လာနိုင်တဲ့အပူချိန်ပမာဏဟာ ၃၆ ဒီဂရီစင်တီဂရိတ် လောက်ဖြစ်တဲ့အတွက် ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာခြိမ်းခြောက်လာနိုင်ပါတယ်။ အင်္ဂလန်နိုင်ငံနဲ့ ဗြိတိန်အလယ်ပိုင်းဒေသတွေမှာ အပူချိန်အမြင့်ဆုံး ဖြစ်နိုင်ပြီးတော့ အပူချိန်အမြင့်ဆုံး မြင့်တက်နိုင်တဲ့ ဧရိယာတွေကိုတော့ ကျန်းမာရေးလုံခြုံမှု သတိပေးချက် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ပါတယ်"ဟု ဗြိတိန်ကျန်းမာရေးလုံခြုံမှု အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ရထားပိုးကောင်

မင်္ဂလာပါ သားသားမီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်ကတော့ "**ရထားပိုးကောင်**" ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ဦးဘောဂလို့ အမည်ရတဲ့ သူဌေးကြီးမှာ ပညာဉာဏ်ပြည့်ဝတဲ့ "ချမ်းသာ" လို့အမည်ရတဲ့ သားတစ်ယောက်ရှိသတဲ့ကွယ်။ မောင်ချမ်းသာဟာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ မိသားစုက ဆင်းသက်လာသူမို့ အခြွေအရံတွေလဲ ပေါသတဲ့။ မောင်ချမ်းသာဟာ မိဘစကားကို နားထောင်တဲ့အပြင် ပညာကို ကြိုးစားသင်ယူတတ်တဲ့ ကလေးပေါ့ကွယ်။ ဒါပေမဲ့ မောင်ချမ်းသာမှာ မကောင်းတဲ့အကျင့်တစ်ခု ရှိသတဲ့။ အဲဒါကတော့ သူများရဲ့ အားနည်းချက်ကို လူအများရှေ့မှာ ကဲ့ရဲ့ပြောတတ်တဲ့အကျင့်ပဲပေါ့ကွယ်။ အဲဒီလို ကဲ့ရဲ့ခံရတဲ့သူတွေဟာ မောင်ချမ်းသာရဲ့ မိဘအရှိန်အဝါကြောင့် မောင်ချမ်းသာကို ပြန်မပြောဝံ့ဘဲ သည်းခံနေရတာပေါ့။

တစ်နေ့မှာတော့ မောင်ချမ်းသာတို့အိမ်မှာ အလှူလုပ်ကြသတဲ့ကွယ်။ ရွာနီးချုပ်စပ်က ဆွေမျိုးတွေကိုလဲ ဖိတ်သတဲ့။ ဒါ့ပြင် သံဃာတော်တွေကိုလဲ ဆွမ်းစားကြွဖို့ ပင့်ဖိတ်တာပေါ့။ ဒါကြောင့် မောင်ချမ်းသာတို့အိမ်ဟာ ဆွေမျိုးစုံလင်စွာနဲ့ အလှူကို ပျော်ပျော်ရွှင်ရွှင် ကျင်းပကြတာပေါ့။ အဲဒီအချိန်မှာ မောင်ချမ်းသာတို့အိမ်ကို သံဃာတော်တွေ ကြွလာကြသတဲ့ကွယ်။ သံဃာတွေထဲမှာ ခါးကုန်းကုန်း ကိုယ်တော်တစ်ပါးလဲ ပါသတဲ့ကွယ်။ အဲဒီကိုယ်တော်ကို မောင်ချမ်းသာ မြင်တဲ့အခါ အားရပါးရရယ်မောသတဲ့။ နောက်ပြီး မောင်ချမ်းသာက အခြွေအရံတွေကို–

"ဟေ့ ဟိုမှာကြည့်စမ်း ခါးကုန်းကိုယ်တော်လေး ခါးကုန်းကိုယ်တော်လေး"လို့ ပြောဆိုရယ်မောပြီး သဘောကျနေသတဲ့ကွယ်။

နောက်ဆုံး အလှူမှာ အကျွေးအမွေးနဲ့ ညှော်ခံပြီးတဲ့အခါ သံဃာတော်တွေဟာ မိမိရဲ့ကျောင်းကို ပြန်ကြွသွားသတဲ့။ မောင်ချမ်းသာကတော့ ခါးကုန်းကုန်း ကိုယ်တော်ရဲ့အမူအရာကို မျက်စိထဲက မထွက်ဘဲ သဘောကျရယ်မောနေသတဲ့။ နောက်ပြီး မောင်ချမ်းသာက "သြော်...ဘဝတွေ ဘဝတွေ သံဃာဖြစ်တာတောင် ခါးက ကုန်းနေရသေး"ဆိုပြီး မိမိရဲ့အတွေးကို သဘောကျရယ်နေတာပေါ့။ မောင်ချမ်းသာဟာ သူ့ရဲ့အကျင့်စရိုက်အတိုင်း ခါးကုန်းကုန်းကိုယ်တော်ရဲ့အဖြစ်အပျက်ကို အခြားသူတွေကို ပြောပြချင်နေသတဲ့ကွယ်။

တစ်နေ့မှာတော့ တိုက်တိုက်ဆိုင်ဆိုင် မောင်ချမ်းသာဟာ အခြွေအရံတွေနဲ့ စကားပြောနေခိုက် ခါးကုန်းကုန်းကိုယ်တော်ဟာ မောင်ချမ်းသာတို့ရဲ့ အိမ်ရှေ့ကို ရောက်လာသတဲ့ကွယ်။ အဲဒီအချိန်မှာ မောင်ချမ်းသာရဲ့ အကျင့်စရိုက်က ပေါ်လာသတဲ့။ မောင်ချမ်းသာဟာ ခါးကုန်းကုန်းကိုယ်တော်ရဲ့ အမူအရာကိုကြည့်ပြီး အခြွေအရံတွေကို စကားဆိုလိုက်သတဲ့ကွယ်။



"သူငယ်ချင်းတို့ရေ ဟိုသံဃာတော်ရဲ့ လမ်းလျှောက်ပုံက ဒီလိုလေးကွ" ဆိုပြီး မောင်ချမ်းသာဟာ နှုတ်က ကဲ့ရဲ့ရုံသာမက သူ့ရဲ့ခါးကို ကုန်းလိုက်ပြီး ခါးကုန်းကုန်း ကိုယ်တော် လမ်းလျှောက်သလို အခြွေအရံတွေရှေ့မှာ လမ်းလျှောက်ပြသတဲ့။ အခြွေအရံတွေလဲ မောင်ချမ်းသာရဲ့အလိုကျ ရယ်မောပြရသတဲ့။ ခါးကုန်း ကိုယ်တော်လေးကတော့ မိမိဆွမ်းကိုခံပြီး လာရာလမ်းအတိုင်းပြန်ကြွသွားသတဲ့။ မောင်ချမ်းသာကတော့ သူ့ရဲ့အပြုအမူကို အလွန်သဘောကျ နှစ်ခြိုက်နေသတဲ့ကွယ်။

ဒီလိုနဲ့ နှစ်တွေကြာတဲ့အခါ မောင်ချမ်းသာဟာ နာတာရှည်ရောဂါနဲ့ သေဆုံးသွားသတဲ့ကွယ်။ မောင်ချမ်းသာရဲ့ နောက်ဆုံးခရီးကို လူအများကလဲ လိုက်ပို့ကြသတဲ့။ မောင်ချမ်းသာဟာ သေပြီးပြီးချင်း သူဌေးကြီး ဦးဘောဂ(ဖခင်)ရဲ့ အိမ်အဆင်းအတက် အုတ်ခဲအောက်မှာ ရထားပိုးကောင်(ပိုးနားသန်) ကလေးဖြစ်နေသတဲ့ကွယ်။ ရထားပိုးကောင်ကလေးဟာ သူ့အဖေ ဦးဘောဂကို အမျိုးမျိုးအော်ခေါ်ပေမဲ့ ဦးဘောဂက မကြားရဘူးတဲ့။ ဦးဘောဂအိမ်ကို လာတဲ့ကလေးတွေဟာ ရထားပိုးကောင်ကလေးကို တွေ့တဲ့အခါ တုတ်နဲ့လိုက်ရိုက်ကြသတဲ့။ ရထားပိုးကောင်ကလေးဟာ အသက်ဘေးကလွတ်အောင် ခါးကုန်းကုန်းနဲ့ပြေးရသတဲ့။ ဒါကြောင့် ရထားပိုးကောင်ကလေးဟာ ကလေးတွေကို မြင်တာနဲ့ အုတ်ခဲအောက်က အပြင်ကိုမထွက်ရဲတော့ဘူးတဲ့ကွယ်။ တစ်ညမှာတော့ ရထားပိုးကောင်ကလေး (မောင်ချမ်းသာ)ဟာ ဖခင် ဦးဘောဂကို အိပ်မက်ပေးသတဲ့ကွယ်။

"အဖေ သား မောင်ချမ်းသာပါ။ အခု အဖေရဲ့ အိမ်အဆင်းအတက် အုတ်ခဲအောက်မှာ ရထားပိုးကောင်ကလေးဖြစ်နေတာပါ။ အိမ်ကိုလာတဲ့ကလေးတွေကို သားကြောက်တယ်။ ဒါကြောင့် သားကိုကယ်ပါ" လို့ ပြောသတဲ့။ အဲဒီအခါ ဦးဘောဂက "သား မင်းဘာကြောင့် ရထားပိုးကောင်ဖြစ်နေတာလဲ" လို့ မေးသတဲ့။ အဲဒီအချိန် မောင်ချမ်းသာက "အဖေ သား လူ့ဘဝတုန်းက ခါးကုန်းကုန်းကိုယ်တော်လေးရဲ့ အမူအရာကို အခြွေအရံတွေရှေ့မှာ ကဲ့ရဲ့ခဲ့တဲ့အတွက် ဒီဘဝမှာ ခါးကုန်းကုန်းရထားပိုးကောင်ကလေး ဖြစ်နေတာပါ" လို့ ပြန်ပြောလိုက်သတဲ့ကွယ်။ အဲဒီအချိန်မှာ ဦးဘောဂဟာ အိပ်ရာက လန့်နိုးပြီး အိပ်မက်ထဲကအတိုင်း အိမ်အဆင်းအတက်ရဲ့ အုတ်ခဲကို လှန်ကြည့်တဲ့အခါ ခွေခွေလေးအိပ်နေတဲ့ ရထားပိုးကောင်ကလေးကို သွားတွေ့သတဲ့ကွယ်။ ဦးဘောဂဟာ သားရဲ့ အဖြစ်အပျက်ကိုကြည့်ပြီး ငိုကြွေးသတဲ့ကွယ်။ နောက်နေ့ကစပြီး ဦးဘောဂဟာ ရထားပိုးကောင်ကလေးကို အိမ်ပေါ်မှာ နွေးနွေးထွေးထွေးထားကာ ကုသိုလ်ကောင်းမှုတွေကို အရင်ကထက် ပိုလုပ်သတဲ့ကွယ်။ ရထားပိုးကောင်ကလေးလဲ ဖခင်ဦးဘောဂရဲ့အိမ်မှာ အန္တရာယ်ကင်းကင်းနဲ့ နေထိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားသားမီးမီးတို့လဲ ဒီပုံပြင်ထဲက မောင်ချမ်းသာ(ရထားပိုးကောင်ကလေး)ကို နမူနာယူကာ သူတစ်ပါးရဲ့ ချို့ယွင်းချက်ကို အပြောင်အပြက်မလုပ်ဘဲ ကိုယ်ချင်းစာကူညီဖေးမပါလို့ ဦးဦးက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ပန်းမှာအပွင့် လူမှာအကျင့်

- ပန်းဝယ်သူများ ရွေးချယ်ဆင်
  အပွင့်ကောင်းကိုပင်၊
  ရနံ့ချိုလွင် အဆင်းကောင်း
  မျက်နှာပွင့်ဘိတောင်း။




- အကျင့်ကောင်းသောသူများမှာ
  အဆင်းလည်း လှတာ၊
  ကိုယ်ကျင့်သိက္ခာပြည့်စုံမှ
  တန်ဖိုးကြီးမြတ်လှ
  လူတိုင်း ချစ်ခင်ကြ။ ။

**နွေလှိုင်း(နတ်မောက်)**

## ကျေးလက်မြေအလှ

- ကောင်းကင်ယံထဲ ဝဲပျံနေ
  ကျေးငှက်ကလေးတွေ၊
  လယ်ကွင်းပြင်ခြေ စိမ်းမြမြ
  စိုက်ခင်းတွေကလှ။

- ချောင်းရိုးထဲက ငါးလေးတွေ
  ကူးခပ် စုန်ဆန်နေ၊
  ကြာပန်းလေးတွေ ရနံ့မွှေး
  လှရောင်စုံပေါ့လေး။ ။



**ကိုရွှေတောသား(ဆင်ကူး)**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၀၀၀၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါး စိုက်ပျိုးမှုကို ယခုနှစ်ဇွန်လပထမပတ်မှ စတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၁၀၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါးကေ ၁၀၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၁၀၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ကပြောပြသည်။

ခင်ဦးမြို့နယ်မှာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများကို စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် ကြောင်သိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဩဂုတ် ၈**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြောင်သိုက်ကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VFRP) အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၃ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြောင်သိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၁၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို**



Myanmar Mobile Money(MMM) ကို

အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone




mytel MPT ooredoo telenor

ဘေလ်ပေးဆောင်ခြင်း

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ (ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ပိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆






ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART NINE MILE Showroom-(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART- မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော ဦးမြင့်ဇော်၏သား မောင်ဖုန်းထက်ရှန် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ဘုန်းထက်လျှံ** ဖြစ်ပါကြောင်း။

မောင်ဘုန်းထက်လျှံ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် တက်ရောက်ပညာသင်ကြားနေသော မောင်ဖုန်းစင်အောင်၏ဖခင်အမည်မှန်မှာ **ဦးကျော်စွာဝင်း** ဖြစ်ပါကြောင်း။

ဦးကျော်စွာဝင်း(၉/မခန(နိုင်)၁၈၀၄၀၉)

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ အေးရွာနေ ဒေါ်ခင်ဌေးမြင့် (ဘ) ဦးဆောင်း (၉/မသန(နိုင်)၀၅၄၆၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-139795)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-2150389

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အထက(ခွဲ)၊ Grade-5 တွင် ပညာသင်ကြားနေသော မဆွေဇင်ချမ်းမြေ့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးချမ်းမြေ့ကို** ဖြစ်ပါကြောင်း။

ဦးချမ်းမြေ့ကို(၅/ရဘန(နိုင်)၂၀၈၀၉၉)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေသက်ချော၏ဖခင်အမည်မှန်မှာ **ဦးသန်းနိုင်လင်း** ဖြစ်ပါကြောင်း။

ဦးသန်းနိုင်လင်း(၅/ထခန(နိုင်)၀၇၀၂၂၆)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသွယ်သွယ်စိမ့်၏ ဖခင်အမည်မှန်မှာ **ဦးဝင်းသိန်း** ဖြစ်ပါကြောင်း။

ဦးဝင်းသိန်း(၅/စကန(နိုင်)၀၉၂၇၅၈)

**အဖိုးတန် ရေချိုကို ချွေတာပါ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင် ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိရောဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ☆


## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ချောင်းမကြီးချောင်းရေမြင့်တက်လာပြီး မန္တလေး-မိုးကုတ်ကားလမ်း သုံးပေခန့် ရေကျော်လျက်ရှိ



**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံတွင် ရေဝင်ရောက်မှုများပြားလာသည့်အတွက် ရေထိန်းညှိလျှော့ချခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ချောင်းမကြီးအနီးရှိ ကျေးရွာများ ရေဝင်ရောက်ပြီး မန္တလေး-မိုးကုတ်ကားလမ်း တံငါတောင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၂၅ / ၁ နှင့် ၅ ကြားတွင် ယနေ့နံနက် ၆ နာရီမှစ၍ သုံးပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ❖




## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ

စာမျက်နှာ ၁၉ ကော်လံ ၁ ■

လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့ ဆောင်းပါး စာမျက်နှာ - ၂၀

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း စာမျက်နှာ - ၂၃

## ASEAN Hyundai Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့

**ရန်ကုန် ဩဂုတ် ၈**

ASEAN Hyundai Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ည ၇ နာရီခွဲက ထိုင်းနိုင်ငံတွင် အိမ်ရှင်ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရကြောင်း သိရသည်။

မြန်မာအသင်းသည် ASEAN Hyundai Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်မတိုင်မီ နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်

စာမျက်နှာ ၂၂ ကော်လံ ၁ ●